ပတ္တမြားသိုက်
စာပေ

# ချစ်

ရင်အမြှုတေ



# အခန်း(၁)

ဆင်စွယ်ရောင် ဝင်းဖန့်နေသည့် တိုက်မြင့်ကြီးက မျက်နှာစာ ပတ်လည်မှာ ဝရန်တာအပြည့် တပ်ထားသောကြောင့် မြင့်မား ထည်ဝါသလောက် ခေတ်မီလှပသည် ။ မှိုပွင့်ပုံစံ အောက်ခြေရှင်းလျက် ခြံအဝင်ကနေ တိုက်ကြီးပတ်လည်မှာ ကားရပ်ဖို့ ပြင်ဆင်ထားသည့် ပုံစံကိုက အရိပ်အောက် ပန်းအလှပင်ကြီးများ နှင့် ခန့်ညားး၏။ အေးမြခြင်းကို ခံစားမိသည့် ခဏမှာ မော့ငေးမိသည့် မျက်လုံးတွေကိုလည်း ရပ်ဖယ် ရွှေ့လျားဖို့ ခက်နေသည် ။

တော်တော် ချမ်းသာတာပဲ...၊

ထိုစကားတို့ သည် ခြံဝမှာ ခဏရပ်ပြီး တံခါးဖွင့်တာကို စောင့်နေကတည်းက ရင်ထဲမှာ တိုးတိတ်စွာ ဖြစ်နေခဲ့လျက် ကားပေါ်က ဆင်းလိုက်တဲ့ အထိ အထပ်ထပ် ရေရွတ်နေမိတာ ဘယ်နှခါမှန်း မသိတော့ပေ...၊

"မုန်း... လာလေ..."

"ဟင်... အင်း..."

မဝံ့မရဲပုံ ပေါက်နေသည့် မုန်းရိပ်ညိုရဲ့ လက်ကို ဆုပ်ကိုင်လိုက်ပြီး ကားရှေ့ကနေ ပြန်ပတ်လိုက်သည် ။ ပြီးမှ မှန်တံခါးချပ်တို့ ကို ကျော်လွန်ကာ ကနုတ်ထွင်းထားသည့် ကျွန်းတံခါးကြီးတွေနားကို ရောက်၏။ တံခါးကြီး၏ အပေါ်ပိုင်းသည် မှန်ချပ်တွေမှာ ပန်းကနုတ်တွေ ကပ်ထားသ

လို ကြွရှလှပနေလျက် အထဲကိုတော့ မမြင်ရပေ။ သူတို့ ရောက်သည် နှ င့် တံခါးက ပွင့်သွားခဲ့ပြီး...၊

"မေမေကြီး ကိုကိုလေးကို စောင့်နေပါတယ်ရှင့်... "

တံခါးလာဖွင့်ပေးသည့် မိန်းကလေးက ခေါင်းလေးငုံ့ပြီး ပြောသည် ။ ကဗျာက ခေါင်းတစ်ချက် ဆတ်ရုံနှင့် အထဲကို ဦးဆောင် ဝင်သွားခဲ့ပြီး.. .၊

"ဘွား... ဒီမှာ သားခေါ်လာခဲ့ပြီ..."

သူ့အသံကြားမှ မုန်း ငေးနေရာကနေ လူကို လိုက်ရှာမိသည် ။ ကျွန်းဆက်တီကြီးတွေ ဝင်းလက်နေသည့် ဧည့်ခန်းကျယ်ကြီးမှာ တော့ မည်သူ တစ်ဦးတစ်ယောက်မှ မရှိပါ။ ဒီဘက် လှည့်လိုက်ကာမှ ဗီုးလ်ချဲနှင့် အဘွားအိုတစ်ယောက်ကို မြင်လိုက်သည် ။ အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်နီးပါး ရှိနိုင်ကာ မျက်နှာပြည့်ပြည့် ပါးပြင်ကျယ်ကြီးတွေ ခပ်တွဲတွဲနှင့် ချည့်နဲ့ နေသည့် လူမမာနဲ့ တော့ မတူဘူးထင်သည် ။ ထို့ပြင် ဆံပင်ဖြူတွေရှိနေပေမဲ့ ဆံပင်အနက်တွေက ပိုများ နေသေးသည် ။ ကဗျာ့လို မျက်ခုံးခပ်သွယ်သွယ်က မိန်းမမို့ ပိုပြီး ရှူးသွယ်နေကာ မျက်လုံးတွေက လည်း စူးရဲနေဆဲ...၊

"မြေးပြောတဲ့ ... ဘယ်သူ..."

"မုန်းရိပ်ညိုပါရှင့်..."

ခေါင်းငုံ့ပြီး တလေးတစားပါ။ လက်ဖဝါးချင်း ဆုပ်၍ ပခုံးနှစ်ဖက်ပါ စုကျုံ့ပါသွား လောက်အောင် ကိုယ်တစ်ပိုင်းလုံး နီးပါး ရိုကျိုးဟန် ပြခဲ့တာဖြစ်သည် ။ ဒါပေမဲ့ ဒေါ်နှင်းရီ မျက်ခုံးတန်းတွေ ခပ်တွန့်တွန့် ကုတ်ကျသွား၏။ မုန်းမျက်နှာ ပြန်မော့ချိန်မှာ မျက်လုံးချင်းမဆုံမီ အကြည့်တို့

ဖျတ်ခနဲ လွှဲ၍ မြေးဖြစ်သူထံ ရောက်ကာ…၊

"ထိုင်ကြ…"

ကိုယ့်အပေါ်မှာ ဘယ်လိုသဘောနှင့် အကဲဖြတ်သွားပြီကို မုန်း နား လည်လိုက်သည် ။ သို့သော်…၊

"မိစိုး… ဧည့်သည် အတွက် စားစရာသွားလုပ်…"

ဝိုးလ်ချဲတွန်းပေးနေသည့် မိန်းကလေးကို လှည့်ပြောသည် ။ မိစိုးဆို သည့် မိန်းကလေးက ခေါင်းလေးငုံ့ကာ ဝှီးလ်ချဲကို ဧည့်ခန်းထိပ်မှာ သေ ချာ နေရာထားပေးသည် ။ ပြီးမှ ခပ်ယို့ယို့ ထွက်သွား၏။ ဒေါ်နှင်းရီက မြေးဖြစ်သူနဲ့ မုန်းကို ဝေ့ခနဲ တစ်ချက်ပြန်ကြည့်၏။ ပြီးမှ …၊

"အချိန်တွေ သိပ်ယူနေလို့ မရဘူးမြေး… ဒီတစ်ယောက်ကိုရော မြေး ရွေးချယ်လာတာလား၊ ဘွားက ရွေးရမှာ လား… "

"ဘွားကလုပ်ပြီ… "

အလိုမကျသည့် မျက်ခုံးတန်းတွေက စုကျုံ့သွားသည် ။ ဆံပင်တွေ ထဲ လက်ရောက်သွားကာ ဆိုဖာမှာ ပစ်စလက်ခတ် မှီပစ်လိုက်ခြင်းဖြင့် မျိုးစုံသော ဆန္ဒပြခြင်းတို့ အဆုံး…၊

"ဘွားကို သားပြောပြီးပြီလေ… ဒီမှာ မျက်နှာစုံနေမှ ၊ ကျွတ်.."

နားထင်ကိုပွတ်၍ ခပ်ကျိတ်ကျိတ် စုတ်သပ်လိုက်ရင်း…၊

"အဲဒါတွေ ဘွားနဲ့ ဆွေးနွေးပြီးပြီဟာကို… "

ပြောရင်း မုန်းကို လှည့်ကြည့်ပြီး ရယ်သည် ။ ပြီးတော့ ဆံပင်သပ်ခြ င်းကို တစ်ကနေပြန်စ၍ …၊

"ဆောရီးနော်မုန်း… အနေအထားကတော့ ရွေးချယ်နေရတဲ့ အဖြစ်

ကို ရောက်နေပြီ၊ အဟွန်း… ကိုယ်ပြောပြခဲ့သလိုပေ့ါ၊ အခု ကိုယ့်အတွက် …"

"မုန်း နားလည်ပါတယ်…"

သူမလေးရဲ့ စကားသံကတော့ ခပ်ညက်ညက် နူးညံ့ပုံလေးပါလား… ၊

ဒေါ်နှင်းရီ အကြည့်တွေ ဝေ့ခနဲ ရောက်သွားသည် ။ မျက်ခုံးထူထူ နှာတံ လုံးစင်းစင်းလေးနှင့် နှုတ်ခမ်း ပါးလေးတွေနဲ့ မို့ နုငယ်ပုံပေါက်သည် ။ ဖြူဝင်းသည့် မျက်နှာလေး တစ်ပြင်လုံးမှာ ချစ်ဖို့ ကောင်းသည့် နူးညံ့ ပြုံးချိုခြင်းတွေသာ ပြည့်နှက်နေခဲ့လျက် ကုပ်ထောက်ဆံပင်နွဲ့နွဲ့လေးတွေသာ ပခုံးအောက် လောက်ထိ ရှည်လိုက်လျှင် ပြစ်မျိုးမှဲ့မထင် လုဂုဏ်ထူးသူလေး ဖြစ်သွားမှာ ပင်…၊

ဘာပဲပြောပြော မြေးခေါ်လာသည့် ငါးယောက်မြောက်သော မိန်းကလေးတွေထဲမှာ သူမလေးက အပြည့်စုံဆုံး…၊

"အဟမ်း…"

ကိုယ်ပဲပြောရတော့မှာ ကို သိလိုက်သဖြင့် ချောင်းတစ်ချက်ဟန့် လိုက်ပြီး…၊

"ဘွားက မြေးတို့ ချင်း ပြီးပြည့်စုံတဲ့ အထိ ပြောဆို ဆွေးနွေးခဲ့ပြီလို့ ထင်တာလေ… အခု မိန်းကလေးတွေ ခေါ်လာနေရတဲ့ အကြောင်းရင်းက လက်ထပ်ကြဖို့ ပဲ… ဒါပေမဲ့ ပေါင်းဖက်ကြဖို့ မဟုတ်ဘူး …"

"ဒီလိုကွာ… မုန်းကို ကိုယ်ပြောခဲ့သလိုပေ့ါ၊ ဘွားကလိုရင်းကို တန်းပြောလိုက်လို့ နည်းနည်းတော့ နားဝင်ဆိုးတယ်… တကယ်က …"

"တကယ်ကလည်း ဒီတိုင်းပဲလေ…"

ဒေါ်နှင်းရီက ဝိုးလ်ချဲလက်တန်း နှစ်ဖက်ကို ဖိဆုပ်၍ ခါးမတ်မတ် ဖြစ်သွားတဲ့ အထိ ရှေ့ကို တိုးလိုက်ရင်း…၊

"မင်းမသိသေးဘူးဆိုရင် ဘွားပြောပြမယ်… နှမြောစာနဲ့ အားနာစာကို ဘယ်တော့မှ မစားနဲ့ တဲ့ ၊ အစာက အဆိပ်ဖြစ်တတ်တယ်… မဖြစ်စလောက်လေး မျိုချမိတဲ့ အတွက် မချိမဆံ့ခံစားရမယ်၊ အခန့်မသင့်ရင် အသက် ပါသွားနိုင်သေးတာ…"

ပြောနေရင်း ခဏရပ်စောင့်သည် ။ မုန်းက ဘာမှ မပြောဘဲ ငေးငေးလေး ငြိမ်နေတာကို စိုက်ကြည့်လိုက်ပြီးမှ …၊

"လက်ထပ်တာက ကစားစရာ ပေးကြယူကြတာ မဟုတ်ဘူး … အပြုသဘောလား အဖြစ် သဘောလား ခုကတည်းက မကွဲပြားရင် ရှင်းဖို့ ပို ခက်မှာ ပေါ့… "

"သမီးသိပါတယ်… ကို့ကိုလည်း နားလည်တယ်၊ အဘွားပြောတာကိုလည်း သဘော ပေါက်တယ်… မုန်းအနေနဲ့ ကိုယ့်ရဲ့ ရွေးချယ်မှုနဲ့ ပတ်သက်ပြီး ဘာကြောင့် ဆိုတာကို သိသလို ဘာတွေ ဖြစ်လာနိုင်တယ် ဆိုတာလည်း တွေးထားပါတယ်… "

"ကောင်းတယ်… ဘွားလည်း အဲ့လို ရှင်းရှင်းပြောချင်တာ… "

အစချီကာ မြေးဖြစ်သူကို တစ်ချက်တော့ ပြန်ကြည့်လိုက်ပေမဲ့…

"မြေးကို အိမ်ထောင် ချထားပေးဖို့ ကိစ္စက သူလိုလားတယ်ဆိုရင် တို့ အားလုံးအတွက် ခုလို အခက်အခဲတွေ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး …"

"ဘွား…"

သူတားဆီးဖို့ ပါးစပ်ပြင်မိသေးသည် ။ ဘွားဘာတွေ ပြောတော့မှာ

ကို သိလိုက်သောကြောင့် ... သို့သော်

"မြေးကိုယ်တိုင်က အိမ်ထောင်ရေးကို စိတ်မဝင်စားဘူး... ဒါပေမဲ့ သူချစ်နေတာလေးတွေ ရှိနေတယ်..."

ရည်းစားထားတာကို ဝါသနာပါတာမျိုးလား...။ မုန်းမျက်နှာလေးမှာ ပြုံးလိုက်တာလား... မချိတရိ မဲ့တာလား မသိနိုင်သည့် ပြုံးရိပ်လေး ထင်သွားသည် ။ မြေးဖြစ်သူက မိန်းမယူဖို့ စိတ်မဝင်စားတဲ့ သူ။ ဘွားအေက မြေးရဲ့ ရည်းစားတွေကို လက်မခံနိုင်။ ထိုအခါ ဖြစ်စဉ်မှာ အသုံးတည့်ဖို့ အတွက် ပထမဦးစားပေး အဖြစ် စာရင်းဝင်ခဲ့သော ရည်းစားမှန်သမျှ ပြုတ်ကွာကျလေသည် ။

သူမသည် နောက်ထပ် စီနီယာထဲမှာ နံပါတ်ငါးအဆင့် နောက်ဆုံး မိန်းကလေးလို့ ကိုယ့်ဘာသာ တွေးခဲ့မိသော...၊

"ပြောရရင်တော့ ဟန်ဆောင် လက်ထပ်ကြဖို့ အစီအစဉ်မှာ ဘွားက ခေါင်းဆောင်ကြီး ဖြစ်နေရတာ အရမ်း အဆင်ဆိုးတယ်... ဒါပေမဲ့ ဒါက တကယ် လက်ထပ်ထားတာထက် ပိုအရေးကြီးတယ်လေ၊ အထူး သဖြင့် မိန်းကလေးဘက်က စောင့်စည်းမှုပဲ... "

မုန်းမျက်နှာလေး တည်သွားသည် ။ ပြီးမှ ခပ်ယဲ့ယဲ့ အပြုံးနှင့် တစ်ခုခု ပြောဖို့ ပြင်လိုက်စဉ်...၊

"ဘွားဖြစ်စေချင်တာက ချစ်တုန်း မုန်းစကား ပြောကြမယ်ပေါ့... အခု မင်းနဲ့ လက်ထပ်ဖို့ သေချာတဲ့ အပိုင်း ရောက်ပြီဆိုရင် တစ်ယောက်နဲ့ တစ်ယောက် အမြင့်ဆုံး စောင့်ထိန်းကြရမယ့် အပိုင်းတွေကို စေ့စေ့စုံစုံ တင်ပြဆွေးနွေးရမယ်..."

"သမီးထင်ထားတာက မိန်းကလေးဖြစ်တဲ့ သမီးဘက်ကသာ ကိုယ့်

ဘက်က စောင့်ထိန်းပေးပါလို့ တောင်းဆိုရမှာ မဟုတ်ဘူး လား..."

ဒေါ်နှင်းရီ မျက်မှောင် ကုတ်သွားသည် ။

"မေးကြည့်တာပါ... သမီးဘက်က ဒါမျိုးဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး ဆိုတာလည်း ကတိပေး နိုင်ပါတယ်၊ အခု ဒီကိုလာခဲ့တာကိုက အလုပ်သဘောပဲလို့ နှလုံးသွင်းထားတာပါ... "

ဒီမိန်းကလေး ပြောရဲသားပဲ...၊

ဒေါ်နှင်းရီ အသံတိတ် အကြည့် တစ်ချက်နှင့် မျက်လုံးချင်းစကားပြောသည် ။ မုန်းက ခဏပဲကြည့်ပြီး မျက်နှာ အရင်လွှဲ၍။ ပြီးမှ ရိုကျိုးသော လေသံညက်ညက်လေးနှင့် ...၊

"မုန်းကို ငွေရေးကြေးရေးကိစ္စပဲ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ပါတယ် အဘွား... ကိုနဲ့ ချစ်ခဲ့ဖူးပေမဲ့ ဒီအတွက် အားနာဖို့ မလိုပါဘူး... "

"ကောင်းပါလေ့ကွယ်... "

ဒေါ်နှင်းရီခုမှ ပဲ ဘဝင်တကျ ရှိသွားရကာ...၊

"ဒီအချိန်ထိ မြေးက အားနာသလို ဖြစ်နေသေးတော့ ဘွားနားမလည်နိုင် ဖြစ်သွားတာ... သမီး ခုလိုပွင့်လင်းတာကို သဘောကျတယ်၊ ဘာပဲဖြစ်ဖြစ် တို့ တွေ လုပ်ကြမှာ က ဟန်ဆောင် လက်ထပ်ကြမယ်... စည်းကမ်း သတ်မှတ်ချက်တွေနဲ့ အချိန်ကန့်သတ်မယ်၊ ဒီအတွက် ဘယ်လို အပေးအယူတွေနဲ့ ညှိကြမလဲ... ဒါပဲမို့လား... "

ခေါင်းညိတ်ပြုံးပြရင်း မုန်းမျက်လွှာ ချမိသည် ။ သို့သော် ကဗျာဆိုသော ရာဇဝင်တွင် သည့် ချစ်နတ်မင်းသား၏ အကြည့်တွေ အပြုံးတွေက မြင်လွှာမှာ ပေါ်နေကြ၏။ ပြီးတော့ ဒေါ်နှင်းရီ၏ ‘မင်း’ဆို သည့် အသုံးအနှုန်းကနေ ‘သမီး’ဖြစ်သွားခဲ့သော ပြောင်းလဲခြင်း...။ လိုက်ဖက်လွ

န်းပါသော မြေးအဘွားတွေပါလား...၊

ဥစ္စာပေါ ရုပ်ချော တစ်ဦးတည်းသော သူဌေးသားက တခြားသော သူဌေးသားတွေနဲ့ မတူ။ ချောတာတွေ ထက်လည်း ပိုချောသည် ။ ထော တာတွေထက်လည်း အများကြီးပိုသည် ။ ဤလူသားသည် ရည်းစား ထားခြင်းကို ဝါသနာထုံသော်လည်း ဘယ်မိန်းကလေးကိုမှ အထင်တကြီးမရှိ...၊

"သူ့အနေအထားနဲ့ ဒီလောက်တော့ ရွေးမှာ ပေါ့ဟာ... ကဗျာရိုင်းဆို တာ မိန်းကလေးတွေအတွက် နေမင်းတစ်စင်းပဲ၊ သူက အဲ့လောက်ထိ လွှမ်းမိုးနိုင်တဲ့ သူ... ငါ့လိုမိန်းကလေး ကျန်ရစ်ဖြစ်ရတာ ဘယ်သူက သ နားမှာ လဲ၊ နေပါစေတော့... "တဲ့ ...၊

တချို့ကတော့ ကြိတ်မနိုင်ခဲမရ...၊

"ငါကတော့ ချမ်းသာတာကို မမက်ပါဘူး... သူ့မျက်နှာလေးကို ဘာ မှ မစားမသောက်ဘဲ ထိုင်ငေးနေရရင်ကို ကျေနပ်နေနိုင်တယ်၊ အလ ကား ရုပ်ပြလွှမ်းမိုးနေတာ... နောက်ထပ် ဘယ်ကောင်မမှ မကြိုက်တော့ အောင် အဲဒီမျက်နှာကို ဘလိတ်ဓားနဲ့ ခြစ်ပစ်ထားဦးမယ် ကြည့်နေ... " လို့ ကြိမ်းဝါးနေတဲ့ မိန်းကလေး တချို့မှာ မျက်ရည်စတွေနဲ့ ပါ...၊

သူမတို့ ထဲမှာ မုန်းရိပ်ညိုဆိုသည့် သူမက မထူးခြားသော နံပါတ်စ ဉ်တွေထဲက အတိတ်မှာ ကျန်ခဲ့ရတဲ့ သူ။ သူနဲ့ လက်တွဲ၍ ဒီတိုက်ကြီးထဲ ကို ပါလာခွင့် ရခဲ့တာတောင် ဒုတိယအသုတ် နောက်ဆုံးလူ အဖြစ်...၊

"ဒါဆို မြေးလည်း သဘောကျတယ်... ဘွားလည်း အမှတ်အပြည့် ပေးမယ်ဆိုရင် မင်းနဲ့ ရှေ့ဆက်သွားဖို့ ပြောလို့ ရပြီပေါ့... "

တိတ်ဆိတ်သွားခြင်းကို ဒေါ်နှင်းရီက ဖြိုခွင်းလိုက်လျှင် မုန်းက မဆို

င်းမတွ ခေါင်းညိတ်၍ ...

"ဟုတ်ကဲ့အဘွား... မုန်းဘက်က ကျေနပ်နိုင်မယ့် အပေးအယူမျိုး ဆိုရင် ရှေ့ဆက်သွားရုံပါပဲ... "

"အဟွန်း... "

ဒေါ်နှင်းရီ သွားတွေပေါ်အောင် ရယ်သည် ။ ခေါ်လာသမျှ မိန်းကလေးတွေထဲမှာ မြေးကိုသာ မက်မောပါသည် ဆိုသော အကြည့်တွေ အပြောတွေချည်း မြင်နေရလို့ ရင်တုန်ပန်းတုန် ဖြစ်ခဲ့ရသည် ။ ကိုယ်က ခြွင်းချက်မရှိ ပယ်ချလိုက်တာတောင် မြေးက အမျှင်တန်းနေမှာ စိုးကာ ဒီကိစ္စကြီးအတွက် ဘယ်လိုမှ ရတက်မအေးနိုင်...၊

ဒီမိန်းကလေးကတော့ ကိုယ့်အကြိုက်ပါပဲ... ။ ပြောပြီးဆိုတည်းက အပေးအယူကိစ္စကိုပဲ အဓိက ထားနေခဲ့တာ ငွေဆိုမှ ငွေ။ ကိုယ်ပေးနိုင်တာကလည်း ငွေပဲမို့ မြေးကလွဲရင် ကြိုက်သလောက်တောင်း။ လိုချင်တာ လက်ညှိုးထိုးစမ်း...။ ဒီမြေးလေးကိုတော့ သူ့အဖေကိုလည်း မပေးနိုင်။ မတော်တရော် မိန်းကလေးတွေ လက်ထဲလည်း အပါမခံနိုင်တာကြောင့် ...၊

မုန်းရိပ်ညိုကိုသာ ရွေးတော့မည်... ဟု ...

*****

# အခန်း(၂)

"မဟုတ်သေးဘူးအမေ... ဒီကိစ္စကို သူ့စိတ်ကြိုက် ရွေးချယ်လို့ မရဘူး... "

"ဘာဖြစ်လို့ မရရမှာ လဲ... ငါကိုယ်တိုင် သေချာ အကဲခတ်ပြီးပြီ ဆိုတာတောင် မင်းကဘာလဲ... "

ဖုန်းထဲမှာ အသံတိတ်သွားသည် ။ ကျွတ်ခနဲ အသံတစ်ချက်ကြား လိုက်သဖြင့် ဒေါသက ထောင်းခနဲဖြစ်သွား၏။ ဖုန်းနဲ့ နားကို ပို၍ ဖိကပ်နားစွင့်ပေမဲ့ ဘာသံမှ မကြားရတော့ခြင်းက ပိုလို့ သာ ဆိုးလေရာ...၊

"ဒီမှာ ငါပြောမယ် နေထွန်း... မင်းက ငါ့မြေးကို ဘယ်နေရာဖြစ်ဖြစ် စိတ်မချဘူး၊ ဘာဖြစ်ဖြစ် မင်းပဲဦးဆောင် ဆုံးဖြတ်ချင်တယ်... ဘယ့်နှယ် နိုင်ငံခြားမှာ နေပြီး မင်းအယူအဆတွေ ကတော့ မြန်မာ့ကုန်းဘောင်ထဲ ပြန်ရောက်နေပါလား၊ လူငယ်တစ်ယောက်ကို သူ့စိတ်သူ့ခံစားချက်နဲ့ ဆုံးဖြတ်ဖို့ အခွင့်အရေး ပေးရမယ် ဆိုတာလောက်တော့ သတိရဦးလေ ..."

"အဲဒါက ကျွန်တော် အမေ့ကို ပြောရမှာ ... အမေက ဦးအောင်ပြော နေတာကိုး... "

"ဘာ... "

"ဟုတ်တယ်လေ... မြန်မာနိုင်ငံက အဘွားအိုတစ်ယောက်က... "

"အံမာ... အံမာ... "

အဘွားအိုပေမဲ့ အဘွားအိုလို့ ပြောလိုက်တော့လည်း နားထဲမှာ ထော်လော်ကန့်လန့်...၊

"အမေ့ဘာသာ စဉ်းစားကြည့်ဦးလေ... ကျွန်တော် ဘယ်ရောက်နေနေ မြန်မာပီပီသသ နေနေတာပဲ၊ အမေကတော့ မြန်မာပြည်မှာ နေပြီး အနောက်တိုင်း ယဉ်ကျေးမှု အယူအဆတွေနဲ့ အတော်ကို အဆင်ပြေနေတာ... "

"အဆင်ပြေနေတာ မဟုတ်ဘူး ... ငါ့ကို အဘွားကြီးလို့ ခေါင်းစဉ်တပ်ပြီး ဘေးဖယ်ထားဖို့ စဉ်းစားရင် အဘွားကြီးပေမဲ့ ငါဘာလဲဆိုတာ သိစေချင်လို့ ... "

"အခုသိပြီ အမေရာ... ထားလိုက်ပါတော့... "

ပြောသည့် လေသံအရ ဖုန်းကိုင်ထားရင်း ဆံပင်တွေဖွ ခေါင်းကုတ် လက်ခါတွေတောင် ဖြစ်နေပြီလားမသိ...၊

"သားကိုကျွန်တော် အကြာကြီးခေါ်မထားပါဘူး... သူ့ကို လက်ထပ်ပေးပြီးတာနဲ့ အများ ဆုံး နှစ်နှစ်ပဲ... "

"လက်လည်း ထပ်ပေးဖို့ မလိုတော့ဘူး... နှစ်နှစ်လည်း နေမှာ မဟုတ်ဘူး ၊ နင့်သားကိုယ်တိုင်က အမေရိကားကို ပြန်ဖို့ နည်းနည်းလေးမှ ဆန္ဒမရှိတာ သိရဲ့ လား... "

"အဲဒါကို အမေ အားပေး အားမြှောက်တွေ ပြောပေးနေတော့ ပိုဆိုးပြီပေါ့... "

"ဘာပြောတယ် ငါ့ကို... "

"အမေ့ကို ပြောချင်လို့ မဟုတ်ပါဘူး... ဒီမှာ လက်ထပ်မယ်ဆိုတာ နိုင်ငံခြားသူနဲ့ လို့ အမေကိုယ်တိုင် ထင်နေတော့... "

"ဟုတ်ဟုတ် မဟုတ်ဟုတ် အဲဒီက မိန်းမနဲ့ လက်ထပ်မှ တော့ မင်းတို့လိုပဲ ငါ့မြေးလည်း အဲဒီမှာ အရိုးဆွေးမှာ ပဲ... ငါ့မြေး ငါ့လက်ထဲ ရောက်လာကာမှ လုံးဝ ပြန်မပေးနိုင်ဘူး နေထွန်း၊ သူကိုယ်တိုင်က မပြန် ချင်ဘူးဆိုတော့ ပိုကောင်းသွားတယ်... ဒါကြောင့် သူချစ်တဲ့ သူကို ရွေးချယ်ဖို့ ငါခွင့်ပြုလိုက်တယ်၊ ဒါဆို မပြီးဘူးလား... "

နောက်ထပ် အသံ တိတ်သွားပြန်သည် ။ ဘယ်တုန်းကမှ ယောက္ခမ မျက်နှာ မော်မကြည့်ရဲခဲ့ဘဲ ကိုယ့်သမီး မရှိတော့ကာမှ သင်းကပြော ရဲဆိုရဲနဲ့ ပါလား... ။ စိတ်တိုပေမဲ့ ကိုယ့်မျက်စိရှေ့မှာ လည်း မဟုတ် တော့ မတတ်နိုင်...၊

"ကျွန်တော် မေးပါရစေဦးအမေ... အမေ့မြေးက အခု အဲဒီမိန်းက လေးကို မရမနေကို လိုချင်နေတာလား... "

"သြော်... ဒီအပတ်ထဲမှာ လက်ထပ်ပေးမှာ ပါဆိုတာ... "

"အမေရာ... "

"မင်းကရော ငါ့မြေးကို နိုင်ငံခြားသူနဲ့ လက်... အဲလေ အဲဒီကမိန်း ကလေးနဲ့ ပေးစားဖို့ ဇွတ်ဖြစ်နေတာ ဘယ်သဘောနဲ့ လဲ၊ ငါ့မြေး မင်းဆီ ပြန်ရောက်လာအောင် အထူး ကြိုးပမ်းနေတာ မဟုတ်ဘူး လား... ရှင်းရှင်းဝန်ခံစမ်းပါ... "

"အဲ့လိုမဟုတ်ပေမဲ့ ကျွန်တော့်မှာ လည်း ဒီသားတစ်ယောက်ပဲ ရှိတော့တာပါ... "

"ငါ့ရဲ့ တစ်ဦးတည်းသော သမီးကို မင်း ခေါ်ထုတ်သွား တုန်းက

တော့ ငါအဲဒီလို မညည်းခဲ့ရပါလား... "

"ကျွန်တော်... "

"ငါကလည်း ငါ့အတွက်တစ်ဦးတည်းသော မျိုးဆက်မြေးပဲ... "

"ကျွန်တော်ကလည်း တောင်းပန်နေတာပါ... "

"ဘာအတွက်တုံး... "

"သားကို သူ့အမေစိတ်တိုင်းကျ စီစဉ်ထားခဲ့တဲ့ မိန်းကလေးနဲ့ ဒီ မှာပဲလက်ထပ်ပေးပါရစေ... "

"မရဘူး... "

ယတိပြတ် ပြောပစ်လိုက်မိသည် ။ ကိုယ့်ကိုယ်ကိုယ် သားသမီးကံ မကောင်းပါလား ဆိုပြီးလည်း ရင်ထု ငိုကြွေးခဲ့ရပြီးပြီ။ မြေးလေး ဟိုမှာ ကျောင်းတက်နေပြီ ဆိုတော့လည်း ငါ့မြေးလေး ဟိုနိုင်ငံသား ဖြစ်တော့မှာ လား ဆိုပြီး နေ့စဉ် သောကပွေခဲ့ရ၏။ တိုက်တိုက်ဆိုင်ဆိုင် မြေးလေး ရှစ်တန်းဖြေပြီးသည့် အချိန်မှာ သူမ ဆေးရုံတင်ရတဲ့ အထိ ကျန်းမာရေး ချို့ယွင်းသွားခဲ့သည် ။ ထို့ကြောင့် သမီးနဲ့ မြေးတို့ မြန်မာနိုင်ငံကို ပြန်ရောက်လာခဲ့စဉ် မြေးကို ဘယ်လိုမှ ပြန်မထည့်နိုင်ပါ ဆိုပြီး အတင်း ဖက်တွယ် ထားခဲ့ရသည် ။ မြေးကလည်း ဘွားနဲ့ ပဲနေခဲ့မယ်ပြောသောကြောင့် မြေးကိုသူမ စောင့်ရှောက်ခွင့် ရခဲ့ခြင်း ဖြစ်၏။

မြေးကျောင်းမပြီးခင်မှာ ပဲ သမီးဆုံးသွားခဲ့သည် ။ ခုတော့ သမက်ဖြစ်သူနှင့် သူမ မြေးအတွက် တိုက်ပွဲဝင်ရတော့မည်ထင်၏။ သူ့ဘက်ကလည်း ...၊

"သားကိုချစ်လွန်းလို့ ကျွန်တော် အိမ်ထောင်သစ် မထူခဲ့တာ... သား

နဲ့ ကျွန်တော် အတူရှိချင်တာပေါ့... " ဆိုသည့် စကားသံတွေနှင့် မြေးကို ပြန်ခေါ်ဖို့ ကြိုးစားနေတာလည်း သူမသိပြီးသား။ ခုလို သူ့အမေကိုယ်တိုင် စီစဉ်ခဲ့သည့် မင်္ဂလာကိစ္စ ပေါ် လာပြီဆိုတော့ ဖအေတစ်ယောက် အနေနဲ့ ပြောရေးဆိုခွင့်တွေ ရှိ လာပြီပေါ့။ ဘာပဲဖြစ်ဖြစ် သူမကတော့ မြေးကို နိုင်ငံခြားမှာ အရိုးထုတ်ဖို့ ထိ ဘယ်လိုမှ အဖြစ်မခံနိုင်ပါ...၊

မိသက်နှင်းခင်...၊

သင်းက မိဘကို အထီးကျန်ထားရစ်ခဲ့ပြီး နိုင်ငံခြားမှာ အခြေချနေခဲ့ ရုံမက မြေးကိုပါ တစ်ပါတည်း ဆွဲထုတ်သွားဖို့ ကြံခဲ့သေးသည် ။ သွားလေသူမို့ အပြစ်မတင်ရက်ပေမဲ့ ဒီလိုနာကျင်မှုတွေ ခံစားရတိုင်း တွေးမိသည် ။ ထို့ပြင် ဟိုတုန်းက ပြောဆိုခဲ့ရတာ သားအမိချင်း။ ခုတော့ သမက်နဲ့ ဖြစ်လာခဲ့ပြီ။ သူမ ပျော့ညံ့နေလို့ မရ...၊

"ဒါ ဆိုရင်တော့ အမေနဲ့ ကျွန်တော် အဆင်မပြေ ဖြစ်ရတော့မှာ ပဲ... "

"ဘယ်လို... "

ပြန်ဖြေသံ ပေါ်မလာသဖြင့် ဒေါ်နှင်းရီ ဖုန်းနဲ့ နားနဲ့ ထပ်ကပ်မိကာ.. .၊

"ပြန်ပြောစမ်း နေထွန်း... "

ပြန်မဖြေခင် သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာရင်း...၊

"ဒီမှာ လည်း သားနဲ့ လက်ထပ်ပေးဖို့ စကားတွေ လွန်ကျွံထားပြီးသားဖြစ်နေပြီ... ကိုယ့်ဘက်က ပျက်ကွက်လို့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ လူတွေ ဆိုတော့ ပိုဆိုးတယ်... "

"ဒါကတော့ မင်းတို့ ကိုက ကတိပေး လွယ်ကြတာကိုး... မြေးက ကို

ယ့်မျက်စိအောက်မှာ ရှိနေတာ မဟုတ်ဘဲနဲ့ ... "

"သူငယ်ငယ်က မြင်တွေ့ဖူးခဲ့တဲ့ သူ့ပဲအမေ... ပြီးတော့ သူ့အမေ စေ့စပ်ပေးမယ် ပြောခဲ့တုန်းကလည်း အမေ့မြေးက လက်ခံခဲ့တာလေ... အခု သူ့အမေ မရှိတော့တာနဲ့ သူစီစဉ်ခဲ့တဲ့ ကိစ္စကို... "

"ကလေးက အဲဒီကိစ္စတွေမှာ အလေးအနက်ကို မရှိခဲ့တာ မင်းတို့ သတိထားရမှာ ပေ့ါ... မဆိုင်တာတွေ ပြောမနေနဲ့ ... "

"ဒါပေမဲ့ ဒီမှာ အသိုင်းအဝိုင်း အားလုံး အသိပေးပြီးသား ဖြစ်နေပြီ အမေ... "

"ငါကလည်း ဖိတ်စာတောင် ဝေပြီးနေပြီ... "

အတင်း အတိုက်အခံ ပြောနေရပေမဲ့ စိုးရိမ်စိတ်တွေက ဝင်နေပါပြီ။ ကိုယ်လည်း ဘာမှ လုပ်ရသေးတာ မဟုတ်သလို မြေးကလည်း ဟန်ဆောင် လက်ထပ်ထားရမယ် ဆိုတာတောင် အင်တင်တင်...၊ "လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်ဘွားရာ... အားလုံးရဲ့ အချစ်တွေကို ကိုယ်လိုသလို မိတ္တူ လုပ်လို့ ရနေတာကို တစ်ဦးတစ်ယောက်နဲ့ လက်တွဲပြလိုက်တာနဲ့ လာဘ်ပိတ်ပြီ... သက်ဆိုင်သူရှိပြီးသား ဆိုတဲ့ ဖီလင်ကြီးကိုပဲ မလိုချင်တာ... " တဲ့ ကိုယ်တော်ချောလေးက...၊

"အမေ့... "

"ပြော... "

ခေါ်လိုက်တာလေးကို တုန်ခနဲဖြစ်သွားသည် ။ ကိုယ့်အပြစ်နဲ့ ကိုယ် မလုံခြုံတာလားမသိ...၊

"ကျွန်တော်တို့ ဘက်မှာ ပျက်ကွက်ရတော့မယ် ဆိုရင်တော့ အဲဒီ ဘက်မှာ ဘယ်လောက်ထိ သေချာထားလို့ ပါဆိုတာ ပြနိုင်ဖို့ လို လာပြီ... "

"ဘာကိုပြောတာလဲ... "

"လက်ထပ်ထားပါတယ် ဆိုတဲ့ ခိုင်လုံတဲ့ သက်သေပေါ့... ဒီဘက်မှ သေချာပြီးတဲ့ ကိစ္စကို ဖျက်ချင်ရင် ဟိုဘက်က ခိုင်လုံပြီး ဖြစ်နေတာကို ပြနိုင်ရမယ်..."

ဒေါ်နှင်းရီ စိတ်ဆင်းရဲသွားသည် ။ ထို့ပြင်...၊

"ဒီဘက်မှာ မိန်းကလေးဘက်က လုပ်ငန်းတွေရော သမီးကိုပါ ကျွန်တော်တို့ လက်ထဲ အပ်ခဲ့တာ... "

ဘုရားရေ...၊

"ဒီမိန်းကလေးနဲ့ သားကို လက်ထပ်ပေးမှာ ဆိုတဲ့ သေချာမှုက လွယ်လွယ်နဲ့ တော့ ဖျက်ဖို့ မလွယ်ဘူး..."

အဲ့လောက်တောင်လား...၊

ဖုန်းကိုင်ထားရင်း ချွေးပါ ပြန်ချင်လာသည် ။

"ကျွန်တော့်ဘက်က ဝတ္တရားရှိတဲ့ အတိုင်း ဆောင်ရွက်ပေးရမှာတွေ ရှိလာရင် အမေတစ်မျိုး မထင်စေချင်လို့ ကြိုပြောထားတာပါ..."

ဘာတွေ ဆောင်ရွက်ပေးရမှာ မို့လို့ လဲ... ။ ဘာတွေ ဖြစ်လာနိုင်သလဲ...၊

ဝှီးလ်ချဲပေါ်မှာ ထိုင်ရင်းကနေ ခပ်ဖြည်းဖြည်း ထရပ်တော့ မိစိုး ပြေးလွှားရောက်လာသည် ။

"ဖယ်... "

အိမ်ထဲမှာ တော့ နည်းနည်းပါးပါး သွားလာလို့ ရနေပြီမို့ တစ်နေ့ကို နှစ်ကြိမ်လောက်တော့ လျှောက်လျှောက် ကြည့်နေတာပါ။ စိတ်ထဲမှာ

လှူပ်ရှားနေသောကြောင့် ခြေထောက်တွေ တုန်နေတာကို ဂရုမစိုက်နိုင်။ ပြတင်းပေါက် လိုက်ကာကို ဆွဲဖယ်၍ လက်နဲ့ ဖိကိုင်ထားရင်း မှန်ချပ်ရဲ့ အပြင်ကို ငေးကြည့်နေမိသည် ။

ဒီအခြေအနေတွေ တကယ်ဖြစ်နေတာလား... ။ မြေးကိုပြန်ခေါ်နိုင်ဖို့ နေထွန်းရှာဖွေတင်ပြနေတဲ့ အကြောင်းပြချက် သက်သက်တွေလား... တွေးနေရင်း မာနက ခေါင်းထောင်လာသည် ။

အဘွားအိုကြီးပဲ ဆိုပြီး လျှော့တွက်နေရင်တော့ ဒါမျိုးမရဘူး နေထွန်း... ငါ့မြေး မင်းဘက်ကို လုံးဝမပါစေရဘူး... အဲဒီအတွက် ငါဘာဖြစ်ဖြစ်လုပ်မှာ ...၊

*****

# အခန်း(၃)

"ဘာဖြစ်ဖြစ် လုပ်ပေးနိုင်တယ်… ဒါတော့မရဘူး…"

ဒေါ်နှင်းရီအသံက ပြတ်သား မာထန်နေခဲ့လျက် မုန်းနဲ့ သူမရဲ့ အဒေါ်နဲ့ အစ်မကို ခပ်စူးစူးကြည့်ကာ…၊

"မိန်းကလေးဘက်ကို ငဲ့ရမှာ လည်း မှန်တယ်… မင်းတို့ ဘက်က နစ်နာမှုတွေကိုလည်း သိတယ်၊ ဒါပေမဲ့ စာချုပ်စာတမ်း လုပ်ရတဲ့ အကြောင်းရင်းက ငါ့မြေးအတွက် အဓိက… "

ပျက်ကျသွားသည့် မျက်နှာတွေကို ဂရုမစိုက်ဘဲ ဒေါ်နှင်းရီကခါး မတ်မတ် ထိုင်လိုက်ပြီးမှ …၊

"ဖိုနဲ့ မသတ္တဝါဟာ ဘယ်လိုမှ နီးစပ်ပတ်သက်လို့ မဖြစ်တဲ့ သတ္တဝါပဲ… နီးစပ်လာရင် ရောယှက်မှုတွေ ဖြစ်လာမှာ ပဲ… "

ပြောရင်း တစ်ချက်ပြန်ကြည့်ကာ…၊

"မေတ္တာမျှဖူးကြတဲ့ သူတွေဆို ပိုဆိုးတာပေါ့… ဒါကြောင့် လက်ထပ် စာချုပ်ရှိထားဖို့ အပြင် နောက်ထပ် ဟန်ဆောင် ပတ်သက်မှုတွေ ဘာမှ ထပ်မလိုဘူး… "

ပြောသင့်တာထက် ပို၍ မာကျောနေခဲ့သည့် ကိုယ့်ရဲ့ လေသံကို ကိုယ့်ဘာသာ သိနေသည် ။ ဒါကို စိုးရိမ်ပါသည် ဆိုမှ ဒါကိုပဲ ပြောလာ

တော့ ဘယ်လိုမှ ဟန်ဆောင်လို့ မရ...၊

"သူတို့ နှစ်ယောက် နေဖို့ က သီးသန့် စီစဉ်ပေးမှာ လား... ဒီတိုက်ကြီး ထဲမှာ ပဲလား... "တဲ့ ...၊

အဒေါ်ဆိုသည့် အသက်လေးဆယ်အရွယ် အမျိုးသမီးက ဦးဆောင်ပြီး မေးခွန်းထုတ်လာသည် ။ အစ်မဝမ်းကွဲ ဆိုသည့် မိန်းက လေးကလည်း မေးခွန်းကို ထောက်ခံသလို ခေါင်းညိတ်နေ၏။ ဒါကြော င့် ...၊

"မင်းတို့ ပဲ စဉ်းစားကြည့်လေ... ဒီမှာ ထားဖို့ ရော သီးသန့်ထားဖို့ ရော ဒါတွေကို မေးနေစရာကို မလိုတာ၊ လူငယ်တွေကို နှစ်ယောက်အ တူ ပေးထားဖို့ ထိ ဒီမှာ အေးချမ်းနေရင် ဟောဒီစာချုပ်က နှစ်စောင် ဖြစ် နေစရာ ဘာလိုမှာ လဲ... "

"ဟုတ်ပါတယ်... ကျွန်မတို့ ကလည်း မိန်းကလေးရှင်မို့ စိတ်ပူလို့ မေးတာပါ၊ ကြီးကြီးတို့ ဘက်က ဘယ်လိုစီစဉ်ထားတယ်ဆိုတာသိရမှ ကျွန်မတို့ ကလည်း ဘယ်လိုပြင်ဆင်ကာကွယ်ရမယ်ဆိုတာ... "

"ဒါကတော့ တို့ ဘက်က ဟန်ဆောင်လက်ထပ်ဖို့ ကမ်းလှမ်းတယ် ဆိုတည်းက အတည် မဖြစ်စေချင်လို့ ပဲ... ငြိစွန်းသွားမှာ ကို မင်းတို့ စိုးရိ မ်ကြသလို တို့ ဘက်က မစိုးရိမ်ဘဲနေမလား... "

ဒေါ်နှင်းရီက အထင်မြင်သေးသည့် မဲ့ပြုံးနှင့် မျက်နှာ ခပ်လွှဲလွှဲပြု လိုက်ရင်း...၊

"အများကြီးတွေးပူနေတာထက် ကိုယ့်ဘက်က တာဝန်ဝတ္တရားကိုပဲ ကျေပွန်အောင် ကြိုးစားဖို့ လိုတယ်... "

ပြောချင်တာတွေက အများကြီး။ မိန်းကလေးရှင်လို့ တွင် တွင် ပြော

နေသည့် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်ပါဦး။ ခုပြောနေကြတာ တွေက နှစ်ဖက်မိဘ စေ့စပ်ကြောင်းလမ်း နေတာလား... ဒါမှ မဟုတ် သင်းတို့ မိန်းကလေးကို သားရှင်ဘက်က လက်ထပ်ခွင့် တောင်းခံနေတာမို့လို့လား... ။ ဘယ်သမီးရှင်က ဟန်ဆောင် လက်ထပ်ဖို့ အတွက် ကိုယ်တိုင်လာရောက် ဆွေးနွေးတာရှိသလဲ...၊

"ကဲ... ကဲ အခုစာချုပ်မှာ ဖြည့်စွက်တာ ပြင်ဆင်ချင်တာ ဘာရှိသေးလဲ၊ မင်းတို့ ဘက်က အိုခေတယ်ဆိုရင် လုပ်လိုက်ကြတော့၊ အချိန်တွေကြာလို့ ... "

ဒေါ်နှင်းရီက ပါးစပ်ပြင်နေဆဲ အမူအရာတွေကို နောက်ထပ်ဘာ စကားသံမှ ထွက်မလာနိုင်အောင် ပိတ်ပြောလိုက်ပြီး...၊

"စံပယ်ရေ... နှစ်မျိုးစလုံး ယူလာခဲ့တော့... "

နောက်ထဲကို လှမ်းအော်ပြောသည် ။ ပြောလိုက်သံဆုံးပြီး မကြာခင်အနက်ရောင် လက်ဆွဲအိတ် တစ်ဖက် ကတ်ထူဘူးကြီး တစ်ဖက်နှင့် စံပယ်ဆိုသော အမျိုးသမီးကြီး ရောက်လာ၏။ ထို့နောက် အိတ်ကိုစား  ပွဲပေါ်တင်ကာ ကတ်ထူဘူးကြီးကို ဖွင့်၍ အထဲက ဘဏ်စာအုပ်ထုတ်ကာ ဒေါ်နှင်းရီ လက်နားထိ သေချာ ကပ်ထားပေးလိုက်သည် ။

ဘာတွေလဲ ဆိုတာ သိလိုက်ကြကာ အဒေါ်ဆိုသူက ချောင်းဟန့်သည် ။ အစ်မဆိုသူက မုန်းကို မသိမသာကြည့်၏။ ထိုစဉ် အပေါ်ထပ်ကနေ ဆင်းလာသည့် ကဗျာက တိတ်တိတ်ဆိတ်ဆိတ် လှုပ်ရှားနေကြ သည့် အားလုံးကို အံ့ဩသလို ကြည့်ရင်း ဘွားအေဘေးမှာ ဝင်ထိုင်သည် ။

သူခဏပဲ အိမ်ပေါ်တက်သွားမိတာ ကိစ္စတွေ ပြီးသွားကြပြီလား... ၊

"အဟမ်း... "

ချောင်းဟန့်လိုက်ရင်း မုန်းကို လှမ်းကြည့်၍ ...၊

"ကိုယ်တို့ လက်မှတ်ထိုးလို့ ရပြီလား... "

"ခဏလေး... "

မုန်းက မဖြေခင် အဒေါ်ဆိုသူက ကမန်းကတန်း တားဆီး၏။ မသိရင် လူငယ်တွေကပဲ လက်မှတ်ထိုးကြဖို့ ဇွတ်ဖြစ်နေကြသလို တစ်ကိုယ်လုံး ကြွခနဲဖြစ်သွားအောင် တားလိုက်ပုံက ဆွဲထားတော့မယ့် အတိုင်း...၊

"တစ်ခါတည်း အရှင်းဆုံး သိရအောင် ခုနမေးထားတာလေး ပြန်ပြောပြပါဦး... "

"ဘာကိုလဲ... "

"လူငယ်တွေ နေထိုင်ဖို့ ကိစ္စ... "

"ခုအတိုင်းပဲလေ... လက်ထပ်စာချုပ် ရှိထားတာကလွဲရင် ပူးတွဲသွားလာတာတွေတောင် ပိုပြီး တင်းကျပ်ရမယ်... "

"ကောင်းပါတယ်ရှင်... ဒါ ဆိုရင်တော့ ကျွန်မ တစ်ခု တောင်းဆိုပါရစေ... "

ဒေါ်နှင်းရီ ခေါင်းညိတ်လိုက်တာကို စောင့်ပြီးမှ သူမက အားယူသလို ပင့်သက်ရှိုက်၍ ...၊

"စည်းကမ်းချက်တွေထဲမှာ စောင့်ထိန်းမှုနဲ့ ပတ်သက်ပြီး နစ်နာကြေးအဖြစ် သတ်မှတ်ထားတာတွေ အားလုံးကို ကျေနပ်ပါတယ်... ကြီးကြီးတို့ အသိုင်းအဝိုင်းနဲ့ ကဗျာ့အပေါ်မှာ လည်း ယုံကြည်ပါတယ်... ဒါ ပေမဲ့... "

"ပြော... ပြော အဲ့လောက် စကားပလ္လင်ခံနေဖို့ မလိုဘူး... "

တစ်ခုခုပြောပြီဆို လိုတာထက်ပိုမိုသော စကားပလ္လင်ခံနေတာတွေ ဟာ တစ်ဖက်လူကို မပြည့်ဝသူ အဖြစ် သတ်မှတ်ရာ ရောက်တယ်ဆို တာ နားမလည်ဘူးလား... ။ နားမလည်လို့ သာ လူတတ်ကြီးလုပ်ပြီး ပြောနေတာပါ...၊

ဒေါ်နှင်းရီ စိတ်တွေတိုနေမိသည် ။ လူကြီးဖြစ်ပြီး ဒေါသမထိန်းနိုင် ဖြစ်နေတာ ဘာလဲ... ။ သူမ သူငယ်ပြန်နေတာလား... ။ ခဏခဏမျိုသိပ် နေရသည့် စိတ်တိုင်းမကျခြင်း အဖြစ်သည် ကိုယ့်ကိုယ်ကိုယ် သူငယ်ပြန် နေပြီဟု သတ်မှတ်လိုက်မှ နေသာထိုင်သာရှိရလျက်...၊

"ယုံကြည်တာတွေ ပြောနေတော့ မယုံကြည်တာက ဘာလဲ... ပြော ပါ... "

"မယုံကြည်တာ မဟုတ်ပါဘူး... ကျွန်မတို့ ကလည်း ကိုယ့်ကလေး ဘက်က လိုအပ်ချက်တွေ ရှိနေလို့ သာ မိန်းကလေးရှင် တန်မယ့် ဒီအလု ပ်ကို လက်ခံခဲ့တာ ဆိုတော့... "

"မှန်တယ်... အဲဒီတော့ ဘာဖြစ်လဲ... "

"အခု စာချုပ်ခဲ့တဲ့ အချက်အလက်တွေက ဒီနေရာမှာ ပဲ အပေးအယူ သတ်မှတ်ပြီး သဘောတူကြမှာ ဆိုရင် နောက်ထပ် ပြောင်းလဲ ဖို့ တစ်ခု ခုထပ်ရှိလာရင်တော့ အဲဒါအတွက် အပေးအယူတစ်ခု သတ်သတ်ဖြစ် ရ ဦးမယ်ဆိုတာကိုပါ... "

"ဘယ်လို... "

ရုတ်တရက်မို့ နားရှုပ်သွားသည် ။ အဒေါ်ဖြစ်သူက သူမစကားကို ပြ န်ရှင်းဖို့ ပြင်လိုက်ကာမှ လက်ကာ တားလိုက်မိကာ...၊

"သိပြီ... "

ဒေါ်နှင်းရီ စိတ်ထဲမှာ အတော်လေး ချဉ်သွားမိကာ ကာဆီးထားမိသ ည့် လက်ကို ပြန်ချဖို့ တောင် မေ့နေခဲ့သည် ။ ထို့ပြင် ဒီမိန်းမတွေ အ တော်မလွယ်ဘူးပဲလို့ တွေးမိရင်း ခေါင်းထဲမှာ အသိပေး ခေါင်းလောင်း သံတွေ မြည်သွား၏။ သို့သော် ငွေစကား ပြောနေသူကို ဂရုမစိုက်သည့် အတွေးက သတိထားဖွယ်အဖြစ်ကို ခဏလေးအတွင်း မေ့ဖျောက်ထား နိုင်ခဲ့ပြီး…၊

"ဒီတော့ ဆိုချင်တာက တို့ ဘက်က တစ်ခုခု တောင်းဆိုလာရင် ငွေ ထပ်ပေးရမယ်ပေ့ါ… "

"ဟုတ်ပါတယ်… အပွင့်လင်းဆုံး ပြောရရင်တော့ အခု မလိုအပ်ဘူး ပြောခဲ့တဲ့ ကိစ္စတွေကို ဒီမှာ ပဲ အဆုံးသတ်မှာ ဖြစ်တဲ့ အတွက် နောက်မှ လိုအပ်ပါတယ်ဆိုရင် အခုသဘောတူထားခဲ့တဲ့ နှုန်းထားရဲ့ တစ်ဝက်ကို ပေးရမှာ ပါ… "

ဒေါ်နှင်းရီ မျက်ခုံးတွေ မြင့်တက်သွားသည် ။ ထိုစဉ် ခြံထဲကို တက္ကစီ တစ်စီး မောင်းဝင်လာတာ လှမ်းမြင်လိုက်သဖြင့် ဒေါ်နှင်းရီပြောနေသ ည့် အကြောင်းတွေကနေ အာရုံပြောင်းသွားခဲ့၏။

"သွားကြည့်စမ်း… မိစိုး… "

"ဟုတ်… "

"ကျွန်မညီမ လင်မယားထင်တယ်… "

အဒေါ်ဖြစ်သူက ကမန်းကတန်း ထရပ်လိုက်ကာ အားနာသလို ပျာ ပျာသလဲ ပုံစံနှင့် ပြန်လှည့်၍ …၊

"သူတို့ က ဒီအလုပ်ကို လက်မခံစေချင်လို့ တားနေကြတာ… ဘာမှ ပြဿနာ မဖြစ်ရပါဘူးရှင်၊ ခဏလေးပါနော်… ကျွန်မ သွားပြောလိုက်ပ့ါ

မယ်... "

"ဒေါ်လေးနေပါ... ချိုသွားပြောလိုက်မယ်... "

ချိုဆိုသည့် အစ်မဖြစ်သူကလည်း ထရပ်လျှင်...၊

"နေပါအေ... ညည်းပြောလို့ မရပါဘူး... "

နေပါအေ ဆိုပေမဲ့ ချိုကလည်း အတင်းလိုက်သွားသဖြင့် မုန်းရယ် သူမတို့ မြေးအဘွားရယ်ပဲ ကျန်ရစ်၏။ ဒေါ်နှင်းရီ စိတ်တိုနေပြီဖြစ်ကာ ကုလားထိုင်လက်တင်ကို ဖိဆုပ်ပစ်မိရင်း...၊

"နေပါဦး မုန်းရိပ်ညို... ဒီကိစ္စမှာ ဒီလိုလူတွေပါဝင်လာစရာ လိုလို့ လား... "

"ဟုတ်... မုန်းလည်း ... "

"စာချုပ်ရမှာ က သတ်မှတ်ချက်ကို အတည်ပြုဖို့ မြေးနဲ့ မင်းနဲ့ နှစ်ယောက်တည်းပဲ... "

"ဟုတ်ပါတယ် အဘွားရယ်... ဒါပေမဲ့ ဒေါ်ဒေါ်မိုးတို့ သိကုန်မှာ စိုးလို့ ဒေါ်လေးတို့ နဲ့ မုန်းတိုင်ပင်ခဲ့ရပါတယ်၊ အဲဒါ အခုလိုပါလာဖို့ ထိတော့ မဟုတ်ပါဘူး... "

"ဖြစ်ရတယ်အေ... "

"မုန်းတောင်းပန်ပါတယ်... "

"အိမ်ပေါ်ကို လူစုလူဝေးနဲ့ တက် လာပြီးမှ ... "

"ဘွားကလည်း သူတို့ က မုန်းအတွက် အရိုးခံနဲ့ နေမှာ ပါ... "

"မြေး တိတ်တိတ်နေစမ်းပါ... ဒါချစ်ရေးချစ်ရာ မဟုတ်ဘူး ၊ အိမ်ထောင်ရေးလည်း မဟုတ်ဘူး ... အလုပ်ကိစ္စ ပြောနေတာ၊ မြေးဘယ်ဘ

က်ကမှ ဖျန်ဖြေပေးဖို့ မလိုဘူး... "

သဘာဝမကျတဲ့ ကိစ္စကြီးကို ကိုယ်တိုင် လုပ်နေမိပေမဲ့ သူများ သဘာဝမကျတာ လုပ်လာတာကျတော့ စိတ်ထဲမှာ အကြီးအကျယ် အနှောင့်အယှက် ဖြစ်သွားသည် ။ မသိအောင် တိတ်တိတ်လုပ်ပါတယ် ဆိုမှ ဒါ ဘယ်လို အချိုးတွေလဲ...၊

"ရပါပြီကြီးကြီးရှင့်... နည်းနည်းလေး နားလည်မှုလွဲသွားတာပါ... "

ဒါဆိုလည်း ပြန်ကြပါလား...၊

အားလုံးတစ်ဝိုင်းတည်း ဝင်ထိုင်ကြတော့ နှင်လွှတ်လို့ လည်း မကောင်းပြန်...၊

"အခု ဆွေးနွေးဖို့ ရှိသေးတာလား... လက်မှတ်ထိုးကြမလား... "

မလိုလားသည့် လေသံဟန်ပန်တွေ ပါသွားလည်း မတတ်နိုင်ပေ။ လက်မှတ်ထိုးခြင်း ဖြစ်မြောက်ဖို့ က ဒီအချက်အလက်တွေ ပြောနေရတာနဲ့ တင် ပတ်လည်ရိုက်နေတာ မပြီးနိုင်...၊

"ဟုတ်ကဲ့... တစ်ခုခု ပြောင်းလဲသွားမယ့် တောင်းဆိုမှုပေါ်မှာ ကြီးကြီးတို့ ဘက်က ဒ္ဒိရဲ့ တစ်ဝက်နှုန်းထား ပေးရမယ်ဆိုတာလေး... "

"ရတယ်... နောက်ဘာရှိသေးလဲ... "

"မရှိတော့ပါဘူး... "

"မုန်းက ရှိတယ်... "

ဒေါ်နှင်းရီအကြည့်တွေ စာချုပ်တွေဆီ ရောက်သွားပါမှ မုန်းက တစ်စခန်းထလာသဖြင့် မျက်လုံးက သူမဆီ ရောက်သွားခဲ့သည် ။ မုန်းက တောင်းပန်သည့် မျက်ဝန်းလေးတွေနှင့် မျက်လွှာချလိုက်ရင်း...

"ဟို… ဒီ ဒီငွေတွေပေးမှာ ဆိုရင် မုန်းကိုဒေါ်ဒေါ်မိုးတို့ … "

"ဟောဒီမှာ ချက်လက်မှတ်ရှိတယ်… တမင်စီစဉ်ပေးထားတာ၊ မင်းကြိုက်တာ ရွေးလို့ ရအောင်… "

"နှစ်မျိုးစလုံး အဆင်မပြေနိုင်လို့ ပါ… "

"ဘာဖြစ်လို့ လဲ… "

"အဲ… အဲဒါဟုတ်တယ်… "

"ဟုတ်တယ်… ဒေါ်ဒေါ်မိုးအိမ်မှာ သမီးတို့ က နေတာဆိုတော့ သိတယ်၊ ဒေါ်ဒေါ်မိုးက သူ့သား သမီးတွေက လွဲရင် ကျန်တဲ့ တူမတွေ တူတွေဆို သိပ်နှိမ်တာ… "

ချိုဆိုသည့် မိန်းကလေးက သွက်သွက်ချာချာ ဝင်ပြောတော့ အဒေါ်ဆိုသော အမျိုးသမီးက ခေါင်းတညိတ်ညိတ်…၊

"အဲ့လောက်ဆို ကြီးကြီးသိမှာ ပါနော်… မိန်းမပျိုလေးတစ်ယောက်က ငွေတွေကိုင်ထားဖို့ မဖြစ်နိုင်လို့ ပါ၊ အထူးသဖြင့် မုန်းက မိဘမဲ့လေးမို့ ပိုဂရုစိုက်ရပါတယ်… သူ့ကို အဒေါ်တွေ ဦးမင်းတွေကပဲ ဝိုင်းစောင့်ရှောက်ခဲ့ကြတာလေ၊ ခုတော့ မကြီးမိုး အိမ်မှာ ပေ့ါနော်… "

"နေစမ်းပါဦး… မင်းတို့ ချင်း အတိုင်အဖောက်တွေ ညီနေကြတာ ဘယ်လိုပြဿနာတွေရှိရှိ ငါမသိတဲ့ ကိစ္စတွေလေ… "

"ဟုတ်ပါတယ်ရှင်… ဒါပေမဲ့… "

"နေဦး… ငါမေးချင်တာက ငွေလည်း မဟုတ် ချက်နဲ့ လည်း မဖြစ်ဘူးဆိုတော့… "

"အဲဒါက တကယ်မဖြစ်လို့ ပါဘွားရယ်… "

မုန်းက ဝင်ပါလာပြန်ကာ...၊

"မုန်းအနေနဲ့ ဘဏ်ကိုဝင်ထွက်ဖို့ ဆိုတာလည်း ဘယ်လိုမှ ပိပိရိရိ လှုပ်ရှားလို့ မရတဲ့ ကိစ္စ ဖြစ်နေလို့ ပါ... အဲဒါကြောင့် ဖြစ်နိုင်ရင် မုန်းကို လစဉ်ပေးပေးပါ... "

"လစဉ်လွှဲပေးရမယ်... "

"ဟုတ်... "

"သတ်မှတ်ထားတာ ခြောက်လတည်း... ဒီလောက်ငွေတွေကို နေပါဦး... အဲ့လိုလုပ်တော့လည်း နည်းသွားတာပဲရှိတာ... ဘာကွာလို့ လဲ... "

"ကွာပါတယ်ရှင့်... အဲဒီငွေကို မုန်းဘာသာ လာယူပါ့မယ်၊ ဘယ်က မှ မလွှဲဘဲ ကိုယ့်အစီအစဉ်နဲ့ ကိုယ် သိမ်းရမှာ မို့လို့ ပါ... ဒီငွေကို ရင်းနှီး လုပ်ကိုင်ဖို့ အတွက် မုန်းရည်ရွယ်ထားတာပါ၊ ဒါကြောင့် ဘယ်လို အနှောင့်အယှက် အဖျက်အဆီးမှ မရှိဘဲ အဆုံးတိုင်ထိ မုန်းပဲ သိမ်းထား နိုင် မှ ဖြစ်မှာ ... မုန်းကို နားလည်ပေးပါနော်... "

ဒီလိုကျတော့လည်း သနားစရာလေးပါ။ သူမခမျာ သူချစ်ဖူးတဲ့ ယောကျ်ားပျိုလေး တစ်ယောက်ရှေ့မှာ ငွေလိုကြောင်း ပြောရရှာသည် ။ ဒေါ်နှင်းရီ မုန်းမျက်နှာလေး နီမြန်းနေတာကို စိုက်ကြည့်ရင်း ဒေါသအ စား စာနာစိတ်ဖြစ်လာခဲ့သည် ။ ထို့ပြင် ဒီငွေနဲ့ ရင်းနှီးလုပ်ကိုင်ဖို့ ရည်ရွ ယ်ထားသည် ဆိုတော့ စေတနာတွေ တိုးလို့ ဖြစ်ရကာ...၊

"ကောင်းပြီလေ... တို့ ဘက်က ဘာမှ ထူးခြားပြီး လုပ်ပေးရမှာ မှ မ ဟုတ်တာ၊ ဖြစ်ပါတယ်... ဒါဆို စာချုပ်နှစ်စောင်ကို လက်မှတ်ထိုးကြ တာပေါ့... "

သဘောတူခြင်းသည် ငြိမ်းချမ်းခြင်းသာ ဖြစ်တာမို့ အားလုံးရဲ့ မျက်

နာတွေ ပြုံးသွားကြတာကို သိသည် ။ မြေးဖြစ်သူနဲ့ မုန်းတို့ မျက်လုံးချင်းဆုံပြီး ပြုံးနေတာကျတော့ ဘဝင်မကျချင်...၊

အထူးသဖြင့် မြေးရဲ့ မျက်လုံးတွေ...၊

*****

# အခန်း(၄)

"လာခဲ့မယ်လေ... ကိုယ်အားပါတယ်... "

အခန်းရှေ့ရောက်ကာမှ အထဲက ဖုန်းပြောသံကြောင့် ဒေါ်နှင်းရီ မိစိုးကို လက်ပြလိုက်သည် ။ မိစိုးက ဗီူးလ်ချဲကို ထားခဲ့ပြီး နောက်ဆုတ်သွား၏။ ထိုစဉ် စေ့ထားသည့် တံခါးက ပွင့်သွားခဲ့ပြီး...၊

"ဟာ... ဘွားခေါ်နေတာလား၊ သားဖုန်းပြောနေတာ မကြားလိုက်ဘူး... "

"မခေါ်ပါဘူး... ဘယ်သူနဲ့ ပြောနေတာလဲ... "

"မုန်းလေ... "

"ကြားလိုက်တယ်... လာခဲ့မယ်ဆိုတာ... "

ကဗျာက ကြောင်သွားပြီးမှ ရယ်ကာ...၊

"အရေးတကြီး ပြောစရာရှိလို့ တဲ့ ... ဒီထိပ်နားတင်ပဲ မို့လို့ ... "

"မြေး... "

ဘွားရဲ့ မျက်နှာသွင်ပြင် ပြောင်းလဲသွားလျှင် ကဗျာ မသိမသာ စိတ်ညစ်သွားမိလျက် မျက်နှာမှာ သိသိသာသာ ပေါ်လာခဲ့သောအခါ...၊

"ဘွားကို တည့်တည့်ကြည့်ပြီး ဖြေစမ်း... "

မျက်လုံးချင်း ဆုံအောင် စောင့်ပြီးမှ ဒေါ်နှင်းရီက မေးဆတ်၍

"မြေးကိုယ်တိုင် အိမ်ထောင်မပြုချင်ပါဘူး ဆတ်ဆတ်ခါခါ ဖြစ်လို့ ဘွားခုလိုတွေ စီစဉ် လိုက်ရတာနော်... "

"ဟုတ်ပါတယ်... သားက အခု အိမ်ထောင်ပြုချင်ပါပြီ ပြောမိလို့ လား... "

"မပြောဘဲ ထင်ရာ လုပ်သွားမှ ပိုဆိုးမှာ ...ဘာဖြစ်ဖြစ် ဘွားကို တိုင် ပင်ပါ၊ ဘွားမသိတဲ့ လမ်း ဘွားက ခွင့်မပြုတဲ့ နေရာဆို ခြေတစ်လှမ်းမှ တိုးဖို့ မစဉ်းစားနဲ့ ... "

"ခုလည်း ဘွားကိုပြောမလို့ ပါ... ဘွားက အခန်းရှေ့ ကြိုရောက်နေ တဲ့ ဟာ... "

"မြေး... မုန်းရိပ်ညိုကို မချစ်ခဲ့တာ သေချာရဲ့ လား... "

"အဲဒါကျ ဘွားမေးခွန်း မှားနေပြီ... "

"ဘာ... "

"ဟုတ်တယ်လေ... ဒီစာချုပ် လုပ်ဖို့ အတွက် သားနဲ့ ချစ်ခဲ့ဖူးတဲ့ မိန်း ကလေးတွေ ထဲကပဲ ရွေးခဲ့တဲ့ ဥစ္စာ... "

"မှန်တယ်... ချစ်ခဲ့ဖူးတယ်၊ ပြတ်သွားခဲ့တယ်... ဒါပေမဲ့ အခုပြန် လ က်တွဲမိတဲ့ အဖြစ်မှာ ... "

"ဘွားရာ... "

ကဗျာက ဝိုးလ်ချဲ လက်တန်းပေါ် လက်တစ်ဖက်ထောက်၍ တစ်ဖ က်နဲ့ ဒေါ်နှင်းရီပခုံးကို သိမ်းဖက်ထားလိုက်ကာ...၊

"အစတည်းက သားအရမ်းချစ်နေရင် အကွဲခံပ့ါမလား... ."

ဟိုတုန်းကနဲ့ အခု တူချင်မှ တူမှာ ပေါ့... ။ စိတ်ဆိုတာလောက် အပြောင်းအလဲ မြန်တာမရှိ...၊

"သူ့ထက်ချောပြီး သူ့ထက် အစစအရာရာသာတဲ့ မိန်းကလေးတွေနဲ့ သားချစ်ခဲ့ဖူးတာ... ဘာပြဿနာများ ဘွားကြားခဲ့ရလို့ လဲ... "

"ဟိုတုန်းက အဆင်ပြေတာ မပြေတာတွေကို မပြောနဲ့ တော့မြေး... ခုကိစ္စက အရေးကြီးဆုံး အပိုင်းကို ရောက် လာပြီ၊ မြေးရဲ့ စိတ်ကို ယိမ်းယိုင်မခံနိုင်ဘူး... ယိမ်းယိုင်သွားရင်လည်း ဘွားဘာမှ တတ်နိုင်မှာ မဟုတ်လို့ ကြိုပြီး တားဆီးနေတာ... "

ဘာပြောပြော ကဗျာက ရယ်နေသဖြင့် မေးဖျားကို အားမလိုအားမရ တွန်းပစ်လိုက်မိကာ...၊

"ဘွားပြောတာကို သေချာနားထောင်စမ်း မြေး... "

"ထောင်နေပါတယ်ဘွားရဲ့ ... ဘွားစိတ်ပူနေသလို ဖြစ်လာမှာ မှ မဟုတ်တာ၊ အားလုံး ဘွားစီစဉ်တဲ့ အတိုင်း ပြီးသွားမှာ ... "

"အဲ့လိုဖြစ်ရင် အတိုင်းထက် အလွန်ပေါ့ကွယ်... ဒါပေမဲ့ စိတ်နဲ့ အချိန်အခါရဲ့ ပြောင်းလဲမှုက ကြောက်စရာ ကောင်းတယ်၊ ဘွားစိုးရိမ်တာက မိန်းကလေးဘက်က ရင်းနှီးမှု လွန်ကဲလာရင် ယောက်ျားလေး ဘက်က စောင့်ထိန်းဖို့ ခက်တယ်... "

"ဘွားကလည်း မုန်းက မာနကြီးတဲ့ မိန်းကလေးပါ... ခုတောင် သူ အဆင်မပြေလွန်းလို့ သားကမ်းလှမ်းတာကို လက်ခံခဲ့တာ၊ သူနဲ့ လမ်း ခွဲခဲ့တုန်းကလည်း သားက ဖြတ်တာ မဟုတ်ဘူး ... သူပဲဖြတ်တာ... "

တစ်ယောက်နဲ့ စွပ်စွဲပြီး အတင်း ဖြေရှင်းခိုင်းသည် ။ သူ့ဘက်ကလည်း မဟုတ်ပေမဲ့ မဟုတ်ပါဘူး ခေါင်းခါဖို့ ထိတော့ မရိုးသားခဲ့တာမို့

ဆောရီးလုပ်ခဲ့သည် ။ ဒါပေမဲ့ ဒါတွေကို ပြန်မပြောဖြစ်ခဲ့ဘဲ... ၊

"သူတို့ ကလည်း အရမ်း ဆင်းဆင်းရဲရဲ အသိုင်းအဝိုင်းမျိုး မဟုတ်ပါဘူး ဘွားရယ်... "

"အဲဒါတွေပြောဖို့ မလိုပါဘူး... မြေးနဲ့ သူ မေတ္တာရှိခဲ့ဖူးတယ် ဆိုတာရယ်... မုန်းရိပ်ညို လှနေတာရယ်၊ အဲဒါတွေက နီးစပ်လာမယ့် အခြေအနေကို တားဆီးနိုင်ပါ့မလား ဆိုတာပဲ... ဘွား စိတ်ပူနေတာ အဲဒါကို... "

ဘယ်လို ဖြေသိမ့်ပေးလို့ မှ မပြေနိုင်သည့် ဘွားရဲ့ ပူပင်သောကတွေကို ကဗျာ ဘယ်လို အကြောင်းအရာနဲ့ နောက်ထပ် ဖြေဆေးပေးရမှန်း မသိ...၊

"အခု အခြေအနေတွေက ဘာတွေဖြစ်လာဦးမယ် မသိဘူး... မြေးဖေဖေနဲ့ ဘွားနဲ့ ဘယ်တုန်းကမှ အဆင်ပြေပြေ မရှိခဲ့ကြတာလည်း မြေးအသိပဲ... သက်မရှိတော့တည်းက အဆက်အသွယ် မလုပ်ခဲ့တာ၊ အခုပြန်လုပ်လာတော့လည်း သူ့သားကို ဆွဲထုတ်ဖို့ ကြံတာ ရက်ရက်စက်စက်... "

လက်ထပ်ပေးမည်။ ဟိုက လုပ်ငန်းတွေနဲ့ ကျွမ်းဝင်အောင် ပေါင်းစည်းပေးမည်။ လွှဲပြောင်းပေးမည်။ ပြီးတော့ မြန်မာပြည်ပြန်လို့ ရပါသည်လို့ ဖေဖေ့ဘက်က ပြောခဲ့တာတွေ သူလည်း သိတာပဲ။ ဒါကိုဘွားက ဘယ်လိုမှ မယုံကြည်ခဲ့ပေ...၊

"သူ့မှာ အကြောင်းပြကောင်း ရှိတယ်လေ... ခုချိန်ထိ သူအိမ်ထောင်သစ် မထူခဲ့တာ သူ့သားကြောင့် ဆိုတာ၊ အဲဒီအကြောင်းတွေနဲ့ မြေးကို ပြန်မလွှတ်တော့ဘူး ဆိုရင် ဘွားက ဘာတတ်နိုင်မှာ လဲ... "တဲ့ ...၊

လူကြီးတွေရင်ထဲမှာ ဘယ်လိုတွေရှိနေကြမှန်း မသိပေမဲ့

သူ့ရင်ထဲမှာ တော့ ဘယ်ဘက်မှာ မှ ဆိုးရွားမှု မရှိဘူးပဲ ထင်သည် ။ သို့သော် လောလောဆယ် ဗိုးလ်ချဲကူနေရပြီ ဖြစ်သည့် ဘွားကို မထားခဲ့နိုင်ခြင်းကတော့ ရင်ထဲမှာ အခိုင်အမာ…၊

"မြေး… "

"ဟုတ်… ဘွား… "

"လက်ထပ်ထားပြီးပြီ ဆိုပြီး စိတ်ထဲမှာ ပိုရင်းနှီးသွားလို့ မရဘူး… အရင်ကထက် ပိုပြီး စည်းကမ်း ရှိရှိနေရမှာ … "

"သားသိပါတယ်… အခုဟာက… "

"ဘာကိစ္စဖြစ်ဖြစ် မိန်းကလေးက ခေါ်တိုင်း မသွားရဘူး… "

ဘွားပြောနေရတဲ့ ပူပန်ရခြင်း အကြောင်းတရားရှည်ကြီးက ဒီစကားပြောဖို့ ထင်သည် ။ စိတ်ပူလွန်းရင်လည်း နိမိတ်ဖတ်သလို ဖြစ်သွားတတ်တယ်ဆိုတာ ဘွားမေ့နေသလားမသိ။ ဒါမှ မဟုတ် ဒီတိုင်းပြောပြလိုက်ရင် မျက်လုံးမျက်ဆန်ပြူးသွားမလား… ။ သူ့စိတ်ထဲမှာ ဘာမှ အရာမဝင်ခဲ့သည့် အကြောင်းတွေကို ဘွားဘာဖြစ်လို့ စိုးရိမ်လွန်နေတာလဲ. .. စိတ်ကျဉ်းကျပ်လာခဲ့ရင်း နာရီကြည့်လိုက်မိသည် ။ ကဗျာ အမှတ်တမဲ့ ပြုမူလိုက်သည့် အဖြစ်က ဒေါ်နှင်းရီကို မျက်မှောင် ကုတ်သွားစေလျက်.. .၊

"ဘွားစကား ပြောနေတာတောင် မြေးက ခြေလှမ်းပြင်နေတာလား"

"ဟင်… မဟုတ်ပါဘူး ဘွားကလည်း ၊ ဘွားက မသွားနဲ့ ဆိုရင်တောင် မသွားဘဲနေလို့ ရတယ်… "

ဒီစကားရမှ ဒေါ်နှင်းရီ ဘဝင်ကျသွားလေသည် ။ သို့သော် လူငယ်တွေကို အတင်းအကျပ် တားဆီး ချုပ်ချယ်ခြင်းက ခြောက်လှန့်မောင်း

ထုတ်ခြင်းနဲ့ တူမှန်း သူမ နားလည်သည် ။ သူတို့ ဘာသာ ထွက်ပေါက်ရှာ လာပြီဆိုမှ တားဆီးဖို့ ခက်မည့် အဖြစ်မျိုးလည်း အရောက်မခံနိုင်။ ဤသို့ဆင်ခြင်မိလျက် သွားဖို့ ခွင့်ပြုလိုက် ရ၏။ သူမခုမှ လောဘတကြီး ဖြစ်နေမိသည် လား...၊ မြေးကသာ ချစ်လှကြိုက်လှပါသည် ဆိုပြီး မိန်းကလေး တစ်ယောက်ကို လက်ဆွဲခေါ်လာခဲ့ရင် ဘယ်လိုလုပ်မလဲ...၊

ကိုယ့်ကိုယ်ကိုယ် မေးလည်း မေးမိသည် ။ ဝန်လည်း ဝန်ခံမိ၏။ မြေးက လိမ္မာနေလို့ လောဘတွေ တက်နေမိတာ အမှန်ပါ။ သူကြိုက်လို့ ဇွတ်တရွတ် ယူပစ်လိုက်ရင်လည်း ပေးစားလိုက်ရမှာ မှန်ပေမဲ့ မြေးကိုယ် တိုင်က အိမ်ထောင် မပြုချင်သေးပါ ဆိုသည့် အဖြစ်ကို အမိအရ ဆုပ်ဖမ်းထားမိရင်း မြေးရဲ့ အိမ်ထောင်ရေးက ကိုယ့်အရေးလို့ သတ်မှတ်ခဲ့တာ ဖြစ်၏။ သင့်တော်တဲ့ မိန်းမမျိုးနဲ့ သာ ဖြစ်စေချင်သည် ။ ဘယ်လိုမိန်းက လေးနဲ့ ဖြစ်နိုင်မလဲဆိုတာ ကိုယ်သာ ရွေးချယ်ချင်၏။ မှန်းရိပ်ညိုကို မျက်လုံးထဲမှာ မြင်မိတော့...၊

ကောင်မလေးလည်း လှတော့လှသား...

ဒါပေမဲ့ မြေးနဲ့ တော့ မထိုက်တန်သေးပါဘူး...

အင်း... တကယ်လို့ နီးစပ်သွားခဲ့ရင်ကော

ဒါပေမဲ့ မဖြစ်နိုင်လောက်ပါဘူး...

မဖြစ်နိုင်ဘူးဆိုတာတော့ မရှိဘူး...

ဒါဆို... ... .

ဒါပေမဲ့ မဖြစ်နိုင်ပါဘူးလေ...

*****

# အခန်း(၅)

"ဘယ်လိုဖြစ်သွားလဲ ဟေ့ကောင်... မင်းတို့ ရဲ့ တိုက်ပွဲ..."

သူဝင်သွားသည် နှင့် စားပွဲဝိုင်းမှာ ရှိနေသည့် မျက်နှာတွေအကုန် သူ့ဆီ လှည့်လာကြသည် ။ ခုံဆွဲပြီး ဝင်ထိုင်လိုက်တာနှင့် မေးခွန်းတွေ ဆက်လာကြ၏။ သားဦးနဲ့ ကောင်းသျှန်ကတော့ သူနဲ့ အရင်းနှီးဆုံးတွေ ဖြစ်ကြသည် မို့...၊

"တိုက်ပွဲလို့ မပြောနဲ့ ... ဒီကောင့်မျက်နှာမှာ သာယာနေတာကြည့်...
"

"ဟုတ်တယ်... ဘယ်လိုဖြစ်သွားလဲ ပြောစမ်းပါ၊ ငါတို့ က ဘချလာ နိုက်မလို့ စောင့်နေတာ... "

"ဟား ဟား ဟား... "

ကဗျာက ရယ်သည် ။ ပြီးတော့ ရေသန့်ဘူးဖွင့်၍ ဖန်ခွက်ထဲ ထည့် လိုက်ရင်း...၊

"ဘချလာနိုက်ရဖို့ နေနေသာသာ လက်ထပ်ပြီးကာမှ စကားသွားပြောဖို့ ကို တစ်နာရီလောက် ဝန်ခံ ကတိတွေပေးနေရတယ်..
. "

"ဘွားတော်ကြီးနဲ့ လား... "

"ဘယ်သူရှိသေးလို့ လဲ... "

"ဒါကတော့ သူ့မြေးအကြောင်း သိလို့ နေမှာ ပေါ့ကွာ... မင်းကရော ရိုးရိုးသားသား စကားသွား ပြောမှာ ဟုတ်လို့ လား... "

ကဗျာက ရေသောက်မလို့ ပြင်နေရင်း ရယ်သည် ။ ပြီးတော့ သောက်ပြီးသည့် ဖန်ခွက်ကို ပြန်ချထားလိုက်ရင်း...၊

"အဲဒါ မင်းတို့ ကိုပြောမလို့ ... "

"စောင့်နေတာ အဲဒါ... "

"ငါမထင်ဘူး... "

"ငါတို့ လည်း မထင်ဘူး... "

"ဘာကိုလဲ... "

"မသိဘူးလေ... မင်းမထင်တဲ့ ဟာ... "

ကဗျာက ကောင်းသျှန်ပခုံးကို လှမ်းထိုးလိုက်ပြီး...၊

"မနောက်နဲ့ ... အတည်ပြောမလို့ ... "

"အေးလေကွာ... တစ်ခါတလေ ဆုံကြတာ အဓိပ္ပာယ်ရှိတာလေးတွေပဲ ပြောကြစမ်းပါ... "

ဖြိုးမင်းလေးက အလုပ်တစ်ဖက်နဲ့ မို့ သူပြန်ဖို့ နာရီမော့ကြည့်ပြီး လှုံ့ဆော်သည် ။ ပြီးတော့ ကဗျာ့ကို ပြန်ကြည့်ပြီး တက်ကြွစွာဖြင့်...၊

"လုပ်ပါ... မင်းကသူဌေးသား ဆိုတော့ ရုပ်ရှင်ပြကွက်လေးတွေရှိတယ်၊ စိတ်ဝင်စားလို့ ပါ..."

"ရုပ်ရှင်ပြကွက် မဟုတ်ဘူး ... မုန်းနဲ့ ငါက သူများ တွေလို ဖြစ်ခဲ့

တာ မဟုတ်ဘူး ... "

"ဟုတ်လား... ဘယ်လို ထူးခြားဖြစ်စဉ်မျိုးလဲ..."

"ခွေးကောင်... အတည်ပြောမလို့ ..."

"အေးပါ... ငါလည်း သိချင်လို့ ပါ..."

ကဗျာက သူ့ရှေ့က အခေါက်ကင်ကို လက်ညှိုးနဲ့ လှမ်းထောက်၍ ကစားသလို တွန်းနေခဲ့ရင်း...၊

"သူနဲ့ ငါ အရှုံးမပေးနိုင်တဲ့ စကားတွေနဲ့ လမ်းခွဲခဲ့ကြတာ... "

"သိတယ်လေ... "

"ငါထင်တာ မိန်းကလေး တစ်ယောက်အတွက် အတော်ခံရခက်မယ့် စကားလုံးမျိုးတွေ ငါပြောခဲ့တာကွ... "

"အခု လက်ခံလိုက်တာကို မင်းအံ့သြနေတာလား... "

"အံ့သြဖို့ မကောင်းဘူးလား... ချစ်သူတစ်ယောက်ကို ဒီလို ကမ်းလှမ်းတာမျိုးက... "

"ရှင်းပါတယ်ကွာ... သူငွေလိုချင်လို့ ပေါ့... "

"အေးလေ... အသိသာကြီး... "

"ဘာလဲ... အခုမင်းတို့ အဆင်မပြေလို့ လား... "

"ပြေတယ်... "

"ပြေရင်ပြီးတာပဲ... ငါတို့ က မင်းဘက်က တိတ်ဆိတ်နေတော့ မုန်းနဲ့ အဆင်မပြေလို့ နောက်တစ်ယောက် ပြောင်းသွားပြီလား ဒါမှ မဟုတ် အမေရိကားက ဘိုးတော်က တစ်ခုခု ကွိုင်ရှာပြီလား...

လျှောက်ထင်နေကြတာ... "

"အဲဒီကောင်ကလည်း လူရောက်လာမှ ကြားရတယ်... ဖုန်းဆက်ဖို့ ဒီလောက်တောင် ပျင်းရလား... "

"ဟုတ်တယ်... အဲဒါကိုပျင်းတဲ့ ပါရမီက ရင့်နေတာ... "

ဝန်ခံသလိုလို ရွဲ့သလိုလိုနှင့် ကဗျာက ပခုံးတွန့်သည် ။ ပန်းနုရောင် အဖြူစင်းပါသည့် ရှပ်အင်္ကျီလက်ရှည်ကို ရင်ဘတ်လက်ဝ ကြယ်သီးစုံ အောင် တပ်ထားသည် ။ မကျဉ်းမကျယ် နဖူးပြင်နှင့် အလယ်ခွဲပုံ ကုပ် ထောက်ဆံပင်ရှည်က ဖြူဝင်းသည့် မျက်နှာနှင့် လိုက်ဖက်ပါ၏။ သို့ သော် ဝတ်စားပုံ ခေတ်နောက်ပြန် ဆွဲနေရခြင်းသည် ...၊

"မင်းက ပျင်းသာပျင်းတယ်... ရှပ်အင်္ကျီဝတ်ရင် ကြယ်သီးအစုံတပ်ဖို့ တော့ မမေ့ဘူးနော်၊ ဘွားအေကို သိပ်မချစ်ဘူး ထင်တယ်... "

သူငယ်ချင်းဖြစ်သူကို ကြည့်လိုက်တာနှင့် သူတို့ မျက်စိ နောက်မိ တာ အဲဒီအင်္ကျီကိစ္စပင်။ ထို့ကြောင့် ဇေရဲက မြင်တဲ့ အတိုင်း ဝေဖန်၏။ ကဗျာက ခေါင်းခါ၍ ...၊

"အဲဒါက အမေရိကားမှာ တည်းက မေမေပုံချခဲ့တာ... ဘွားကြောင့် မဟုတ်ဘူး ... "

"ဒီလိုလား... "

မေမေက နိုင်ငံရပ်ခြားမှာ စီးပွားရှာရတာကို အားသန်သည် ။ ဒါပေ မဲ့ မြန်မာဆိုသည့် ဂုဏ်ကိုလည်း မြတ်နိုးမှုမပျက်ပေ...၊

"နိုင်ငံတကာနဲ့ ယှဉ်ရင် ကျွန်မတို့ နိုင်ငံက တိုးတက်မှုနှုန်း အရမ်း ကို အားနည်းတာမှန်ပါတယ်... ဒါပေမဲ့ ကိုယ့်ဘာသာ ကိုယ့်သာသနာနဲ့ တော့ အေးချမ်းနေတာပဲ၊ ကျွန်မက ဘဝအတွက် ငွေလိုချင်သလို အေး

ချမ်းဖို့ ဆိုရင် ကိုယ့်ရဲ့ အမိမြေကိုပဲ တန်ဖိုးထားတယ်… တတ်နိုင်သမျှ ကိုယ့်နိုင်ငံမှာ ခေါင်းချဖို့ ပဲ ကြိုးစားမှာ … " လို့ အမြဲပြောတတ်တဲ့ သူ…၊

ပြောတဲ့ အတိုင်းပဲ နာမကျန်းဖြစ် လာပြီ ဆိုတော့ ဘွားဆီပြန် ရောက်လာခဲ့သည် ။

"သေနေ့စေ့လာရင် ခေတ်မီဆေးဝါးတွေလည်း မကယ်နိုင်ပါဘူး မေမေရယ်… နိုင်ငံခြားမှာ ဆေးကုရင်း သေသွားရင် မေမေ့ကိုတောင်မြင် ရတော့မှာ မဟုတ်ဘူး ၊ နောက်ပြီး သမီး မြန်မာပြည်မှာ ပဲ ခေါင်းချချင်တာ" လို့ လည်း ပြောခဲ့တာကို ဘွားက ပြန်ပြောပြီး ခဏခဏ မျက်ရည်ကျ၏။

"ငါ့သမီး ဘုန်းကြီးလို့ အသက်မရှည်ရှာဘူး… နောက်ဘဝမှာ လူ ဖြစ်ပြီး ဒီသံသရာမှာ လည်ရဦးမယ် ဆိုရင်တော့ ကိုယ့်သားသမီး အသုဘ ကိုလိုက်ပို့ရတဲ့ မိဘ မဖြစ်ပါရစေနဲ့ ဘုရား… "

ဘွားဆုတောင်းနေတာလည်း ကြေကွဲစရာပါ…၊

"ကဲ… တော်ကွာ၊ မုန်းအကြောင်း ပြောနေတာ ဘယ်လိုဖြစ်ပြီး ဘွားတော်တွေဆီ ရောက်သွားတာလဲ… "

ရင်းနှီးဆုံးဖြစ်သည့် သားဦးက ကဗျာ့မျက်နှာ ပျက်သွားတာကို သတိထားမိကာ ဒီအကြောင်းကို ဆက်မပြောဖြစ်အောင် ဖြတ်၍

"အခု လက်ထပ်ပြီးပြီဆိုတော့ မင်းရင်ထဲမှာ ဘယ်လိုနေလဲ… "

"ဘယ်လိုမှ မနေဘူး… "

" မဟုတ်ဘူး မင်း… တစ်ခုခုတော့ နေလိမ့်မယ်… "

"အေးလေ… လက်ထပ်ကြပြီဆိုရင် စိတ်မလှုပ်ရှားတဲ့ သူမရှိဘူး၊ အ

ထူးသဖြင့် ကိုယ်ချစ်... အဲ ကိုယ်ချစ်ခဲ့ဖူးတဲ့ ချစ်သူနဲ့ ... "

"ငါတို့ က... "

"သိတယ်လေ... မင်းတို့ တကယ်လက်ထပ်တာ မဟုတ်မှန်း၊ အဲဒါ ကိုက တားမြစ်ခြင်း သီအိုရီအရ စူးစမ်းတွန်းကန်တဲ့ သဘောတစ်ခုခု ရှိနေရမှာ ... တားရင်ပိုလုပ်ချင်တာမျိုး... "

"အဟမ်း... အဟမ်း... "

နားထောင်သည့် လူတွေ ချောင်းဟန့်သံနှင့် စပ်ဖြဲဖြဲတွေ ဖြစ်ကုန်ကြသည် ။ သားဦးက မျက်စောင်းထိုး၏။

"ငါက လက်တွေ့ကျကျ ဝေဖန်ပေးတာ... ပြီးတော့ မင်းတို့ စဉ်းစားကြည့်၊ သူ့လောက် လက်မြန်တာ သူပဲရှိတယ်... "

ကဗျာ့မျက်ခုံးနှစ်ဖက် မြင့်တက်သွားတာ ဆတ်ခနဲ...၊

"ဟား ဟား ဟား... "

ကျန်တဲ့ လူတွေ ဝိုင်းရယ်ကြ၏။ သူ့ဆီတစ်စုံတစ်ရာ ကျရောက်လာတော့မှာ သိကာ သားဦးက ကိုယ်ကို တစ်ဖက်စောင်း ယိမ်းထားပြီး လက်ကာရင်း...၊

"မင်းမဟုတ်လို့ လား... "

"ဟော့ကောင်... "

"ဝန်ခံလေ... "

"ဘာကို ဝန်ခံရမှာ လဲ... ဘွားက တွဲသွားတွဲလာတောင် ခွင့်မပြုပါဘူးဆို... "

"အေး... အဲဒီ ခွင့်မပြုတာကိုပဲ... "

"ကဲ... တော်ကြစမ်းပါကွာ၊ စကားကောင်းပြောမယ်... အညစ်အနွမ်းတွေမပါနဲ့ ... "

"အံမာ... ရပ်ကြီးက... "

ဖေရဲက ကြည့်နေတော့ ကဗျာ့မျက်နှာ မချိုမချဉ် ဖြစ်သွားကာ...၊

"တကယ်ပြောနေတာ... ရင်ထဲမှာ အီစီကလီ ဘာမှ မဖြစ်ဘူး၊ ဒါပေမဲ့... "

စကားရပ်သွားပြီး ရုတ်တရက် ရှေ့မဆက်လျှင်...၊

"တွေ့လား... "

"ဘာကိုတွေ့တာလဲ... သူငိုတာကိုပြောမလို့ ... "

"ဟုတ်လား... မုန်းကလား... "

"အင်း... "

ကဗျာ့မျက်နှာ လေးနက်မှုတွေနဲ့ မို့ သူတို့ စိတ်ဝင်တစား ဖြစ်သွားကြသည် ။ ရည်းစားများ တဲ့ လူတိုင်းမှာ တစ်ယောက်ယောက် အပေါ် လေးနက်တယ်ဆိုတာ ရှိခဲ့ပါသည် ။ ကဗျာကတော့ ရှိကို မရှိခဲ့သူဖြစ်သည် ။ ရည်းစားထားတာတောင် 'တစ်ယောက်နဲ့ ကြာကြာ တွဲရင် လာဘ်ပိတ်တယ်'လို့ ပြောတတ်တဲ့ သူ...၊

"သူငိုနေတော့ စိတ်မကောင်းချင်သလိုပဲ... "

"မင်းရှေ့မှာ ငိုဖူးတဲ့ ရည်းစား မရှိဘူးလို့ လား... "

"မသိဘူး... ဒါပေမဲ့ သူ့ကိုသနားတယ်... "

"ဘာတွေပြောလို့ လဲ... "

မေးနေကြတော့ စိတ်က သူမဆီ ပြန်ရောက်သွားသည် ။ စကား ပြောနေတုန်း အကောင်းပါပဲ။ ပြောနေရင်းနဲ့ မျက်ဝန်းမှာ မျက်ရည်ကြည်လေးတွေ တရစ်ရစ် ဝေ့တက်လာတာကို သူသေချာမြင်နေရသည့် ခဏ...၊

"မုန်းကို ကိုအထင်သေးမှာ ပဲနော်... "

"မသေးပါဘူး... ကျေးဇူးတောင် တင်နေတာ... "

"မုန်းဘက်မှာ အကျပ်အတည်း အခက်အခဲတွေ အရမ်းများ နေလို့ပါ... မုန်းမပြောချင်ဘဲ ပြောရတာတွေ နောက်လည်း ပြောရဦးမှာ ပဲ၊ မုန်းကို ကိုနားလည်နိုင်ပါ့မလားဟင်... "

လူကိုမော့ကြည့်ပြီး မေးနေတော့ ပြိုကျလုလု လှုပ်ခတ်နေသည့် မျက်ရည်နုလေးတွေက လက်ခုပ်နဲ့ ပဲ ခံထားပေးရမလား... ဆွဲပွေ့ပြီး မျက်နှာလေးကို မော့စေ၍ တယုတယ ချော့မော့သုတ်ပေးရမည်လား... ။ ထိုမျက်ရည်စတွေကြောင့် သူ့အတော့်ကို အနေခက်ခဲ့ပါ၏။

"အဲဒါတောင် မင်းပွေ့ပိုက် မချော့ခဲ့ဘူးလို့ ပြောချင်တာလား... မယုံဘူး... "

"လုံးဝမယုံဘူး... "

ကဗျာက ပခုံးတွေလှုပ်အောင် ရယ်၏။ ပြီးတော့ ဘာမှ မပြောဘဲ ဒီတိုင်းပြီးစေခဲ့လျက်...၊

"အဲဒါကိုပြောပြချင်လို့ ဒီထိလာခဲ့တာ... ငါ့စိတ်တွေ ထူးဆန်းနေတာကို ငါ့ဟာငါ ထူးဆန်းနေလို့ ... "

"မထူးဆန်းနဲ့ ... လက်ထပ်ထားတဲ့ အသိစိတ်က မင်းစိတ်ကိုတွန်းပို့နေတာ... "

"စည်းကမ်းတွေ ရှိထားရင်တော့... "

"ဘာတွေရှိရှိကွာ... လက်မထပ်ခင်က မချစ်သလိုလို လက်ထပ်ပြီးမှ ချစ်မိသွားတယ်၊ ဘာဖြစ်လဲ... သူ့အဘွားက မြေးကို မျက်နှာညိုခံမှာ မဟုတ်ပါဘူး... "

"ဟာ... မလုပ်နဲ့ ၊ မုန်းတို့ အသိုက်က ခပ်ရှုပ်ရှုပ်ရယ်... မိသားစုတွေ ဘယ်နှစုတောင် စုပြုံနေသလဲမသိဘူး၊ လောက်လောက်လားလားတွေ ၊ မလောက်မလားတွေ ကွိစိကွစတွေ... "

"ကဲပါ... ကာယကံရှင် ပြောဖို့ အလှည့်ပေးလိုက်ပါ၊ ဒီမှာ အဖြေသိချင်နေကြပြီ... "

"အေးလေ... host ကျော်ထက်အောင်ကျနေတာပဲ၊ မပြောလိုက်ချင်ဘူး... "

တစ်ယောက်တစ်မျိုးစီ စီစဉ်အကြံပြုနေကြသဖြင့် ကောင်းသျှန်တို့က ရှုံ့မဲ့ကဲ့ရဲ့ ၏။ ကဗျာကတော့ ကိုယ့်အတွေးနဲ့ ကိုယ်မို့ ဘာမှ မ ပြောဘဲနေသည် ။ မုန်းကို သနားစိတ် ဖြစ်ခဲ့သည် ။ ကိုယ့်ပခုံးတစ်ခြမ်း ပေး၍ နှစ်သိမ့်မိခဲ့သေးသည် ။ ဒါပေမဲ့ စိတ်ထဲမှာ တင်းတင်းကျပ်ကျပ် ရှိနေသည် က သူမနဲ့ သူ လက်ထပ်ထားခဲ့သည် ။ ဒါပေမဲ့ လက်ထပ်ပြီးပြီ ဆိုတာမျိုးမဟုတ်...၊

သူ့ဘက်က ရင်းနှီးမှုတော့ ရှိနေသေးသည် ။ ဒါပေမဲ့ နှစ်ဦးနှစ်ဖက်လူကြီးတွေ ပြောဆို တိုးဆုတ်နေကြသည့် စည်းကမ်းနည်းလမ်းတွေကို မြင်ယောင်နေခဲ့သည် ။ ဒါကြောင့် မုန်းကို သူရင်းနှီးလို့ မရတာလား ဆိုတော့ ဒါလည်း မသေချာပေ။ သူမကို ရင်းနှီးချင်နေတာလားလို့ ကိုယ့်ကိုယ်ကိုယ် မေးကြည့်တော့လည်း မသေချာ။ ဘွားနဲ့ ပဲနေချင်သည့် စိတ်မှ ဖေဖေခေါ်လာတော့ ဒီလိုလုပ်ကြဖို့ စိတ်ကူးကို သူပဲစခဲ့တာဖြစ်ကာ...၊

‘မြေးက လက်တွဲချင်တဲ့ ချစ်သူ တကယ်မရှိတာလား’လို့ ဘွားမေးတော့ ခေါင်းညိတ်ဖြေခဲ့တာ အလွယ်တကူပါပဲ။ ပေ့ါပါးစွာ ဆုံးဖြတ်ခဲ့သည့် သူ့စိတ်တွေ ဘာကြောင့် လေးလံသွားခဲ့သည် ဆိုတာ မသိသော် လည်း မုန်းကြောင့် ဆိုတာတော့ သေချာလေသည် ။ ထို့ပြင်...၊

"အပြင်မှာ ခုလို တစ်ခါတလေဆုံလို့ တော့ ရတယ်မို့လားဟင်... မုန်းဘက်ကတော့ အ လုပ်သွားလာ နေရင်း ကြိုးစားလို့ ရတယ်၊ ကိုယ့်ဘက်က အဆင်ပြေပ့ါမလား... "ဆိုတော့...၊

သူခေါင်းညိတ်ခဲ့သည် ။ တကယ်ပြေပ့ါမလား ဆိုတာတော့...၊

*****